ကြေးမုံ
The Mirror

၁၃၆၆ ခုနှစ်၊ ဒုတိယဝါဆိုလပြည့်ကျော် ၁၂ရက်၊ ကြာသပတေးနေ့၊ (12-8-2004) (၄၂၂၃)

ကာလေန ဓမ္မဿဝနံ ဧတံ မင်္ဂလ မုတ္တမံ။

သင့်လျော်သောအခါ၌ တရားနာခြင်းသည် မြတ်သော မင်္ဂလာ မည်၏။

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် လာအိုပြည်သူ့ဒီမိုကရက်တစ် သမ္မတနိုင်ငံ သမ္မတ မစ္စတာခမ်တေးဆီဖန်ဒုံအား တွေ့ဆုံနှုတ်ဆက်

ရန်ကုန် ဩဂုတ် ၁၁

ပြည်ထောင်စု မြန်မာနိုင်ငံတော်–နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် လာအိုပြည်သူ့ဒီမိုကရက်တစ် သမ္မတနိုင်ငံသမ္မတ မစ္စတာ ခမ်တေးဆီဖန်ဒုံအား ဩဂုတ် ၁၀ရက် နံနက် ၈နာရီ ၁၀မိနစ်တွင် ဗီယန်ကျင်းမြို့ရှိ သမ္မတအိမ်တော် ဧည့်ခန်းမသို့ သွားရောက်တွေ့ဆုံနှုတ်ဆက်သည်။

တက်ရောက်

ထိုသို့တွေ့ဆုံနှုတ်ဆက်ရာတွင် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့်အတူ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးအောင်ထွေး၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးချုပ်ပြည့်စုံ၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီးဦးဝင်းအောင်၊ ပြည်ထဲရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးကြီးတင်လှိုင်၊ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးချုပ်ကျော်ဆန်း၊ ဆက်သွယ်ရေး၊ စာတိုက်နှင့်ကြေးနန်းဝန်ကြီးဌာနနှင့် ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးချုပ်သိန်းဇော်၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဦးခင်မောင်ဝင်း၊ လာအိုပြည်သူ့ ဒီမိုကရက်တစ်သမ္မတနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံ သံအမတ်ကြီးဦးတင်ဦးနှင့် ဌာနဆိုင်ရာ အကြီးအကဲများတက်ရောက်ကြပြီး လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံသမ္မတ

စာမျက်နှာ ၃ ကော်လံ ၁ သို့ ✧

ပြည်ထောင်စုမြန်မာနိုင်ငံတော် – နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ သမ္မတ မစ္စတာ ခမ်တေးဆီဖန်ဒုံတို့ ဩဂုတ် ၁၀ ရက်က ဗီယန်ကျင်းမြို့ရှိ သမ္မတအိမ်တော် ဧည့်ခန်းမတွင် ရင်းနှီးခင်မင်စွာ ဆွေးနွေးကြစဉ်။ (သတင်းစဉ်)

ညီအစ်ကိုနိုင်ငံများကဲ့သို့ ချစ်ချစ်ခင်ခင် ရင်းရင်းနှီးနှီးရှိ

- ☆ မိမိတို့ နှစ်နိုင်ငံသည် ညီအစ်ကိုနိုင်ငံများကဲ့သို့ပင် ချစ်ချစ်ခင်ခင် ရင်းရင်းနှီးနှီးရှိကြပြီး တစ်ဦးနှင့်တစ်ဦး အပြန်အလှန်လေးစားမှုရှိ။
- ☆ နှစ်နိုင်ငံအကြားဆက်ဆံရာ၌ ထိပ်ဆုံး အကြီးအကဲအဆင့်မှ အောက်ခြေအဆင့်အထိ ရင်းနှီးမှုရှိပြီး အပြန်အလှန်နားလည်မှုများလည်းရှိပြီးဖြစ်ရာ မိမိတို့နှစ်နိုင်ငံ၏ ဆက်ဆံရေးနှင့် ပူးပေါင်းလက်တွဲ ဆောင်ရွက်ရေးသည် တိုးတက်ရန်သာရှိ။

လာအိုသမ္မတမစ္စတာခမ်တေးဆီဖန်ဒုံ

အပြန်အလှန် ထောက်ခံကူညီမှုများ ပြုလုပ်သွားမည်

- ☆ မြန်မာနိုင်ငံနှင့်လာအိုနိုင်ငံတို့သည် သမိုင်းကြောင်းအရ ဘဝတူများဖြစ်ကြသည့်အပြင် ရင်းနှီးချစ်ခင်ကြသည့် ညီအစ်ကိုနိုင်ငံများဖြစ်၍ ဒေသတွင်း ကိစ္စရပ်များနှင့် နိုင်ငံတကာကိစ္စရပ်များ၌ အပြန်အလှန် ပူးပေါင်းဆောင်ရွက်သွားပြီး အပြန်အလှန် ထောက်ခံမှု၊အကူအညီပေးမှုများ ပြုလုပ်သွားမည်ဖြစ်သည်ကို ယုံကြည်။

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်

နိုင်ငံတော် ပွဲစည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏ တာဝန်ဖြစ်သည်။

P65 1 04/12/8, 1:17 AM

ကြေးမုံ The Mirror

၁၂-၈-၂၀၀၄
(ကြာသပတေးနေ့)

ပြည်သူ့သဘောထား

★ ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
★ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ဒေသတွင်းဖွံ့ဖြိုးတိုးတက်ရေးနှင့် တည်ငြိမ်အေးချမ်းရေး အာဆီယံအဖွဲ့ဝင်နိုင်ငံများနှင့် ပူးပေါင်းဆောင်ရွက်

ပြည်ထောင်စုမြန်မာနိုင်ငံတော်-နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာဖန်ဗန်ခိုင်၊ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ဘွန်ညံဗိုရာချစ်နှင့် ကမ္ဘောဒီးယားနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ဆမ်ဒက်ဟွန်ဆင်တို့၏ ဖိတ်ကြားချက်အရ သုံးနိုင်ငံချစ်ကြည်ရေးခရီးစဉ်၏အစဖြစ်သောဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံသို့အဖွဲ့ဝင်များ လိုက်ပါလျက် ဩဂုတ်လ ၉ ရက်နေ့က ချစ်ကြည်ရေးခရီးသွားရောက်ခဲ့သည်။

နိုင်ငံတော်ဝန်ကြီးချုပ်၏ ဗီယက်နမ်နိုင်ငံ ချစ်ကြည်ရေးခရီးစဉ်အတွင်း ပြည်ထောင်စုမြန်မာနိုင်ငံတော်နှင့် ဗီယက်နမ် ဆိုရှယ်လစ်သမ္မတနိုင်ငံ နှစ်နိုင်ငံ တွေ့ဆုံဆွေးနွေးပွဲကို ဟနွိုင်းမြို့ အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမတွင် ကျင်းပခဲ့သည်။ အဆိုပါအစည်းအဝေးသို့ ပြည်ထောင်စုမြန်မာနိုင်ငံတော်-နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့်အတူ ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များ၊ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာဖန်ဗန်ခိုင်နှင့် ဒုတိယဝန်ကြီးချုပ်၊ ဝန်ကြီးများနှင့် အစိုးရအဖွဲ့ရုံးအကြီးအကဲများ၊ အဆင့်မြင့်အရာရှိကြီးများ တက်ရောက်ခဲ့ကြသည်။

မြန်မာ-ဗီယက်နမ် နှစ်နိုင်ငံတွေ့ဆုံဆွေးနွေးရာတွင် နိုင်ငံတော်ဝန်ကြီးချုပ်ဗိုလ်ချုပ်ကြီးခင်ညွန့်က **မိမိတို့နိုင်ငံ၏ ဖြစ်ပေါ်တိုးတက်မှုများအပေါ် ဗီယက်နမ်နိုင်ငံအပါအဝင် အာဆီယံအဖွဲ့ဝင်နိုင်ငံများက နားလည်စာနာမှု၊ ထောက်ခံအားပေးမှုတို့ ပြုကြသည့်အတွက် မိမိတို့ဝမ်းမြောက်ဝမ်းသာ ကျေးဇူးတင်ရှိပါကြောင်း၊ အာဆီယံနိုင်ငံများ၏ စည်းလုံးညီညွတ်ရေး၊ ဒေသတွင်းဖွံ့ဖြိုးတိုးတက်ရေးနှင့် တည်ငြိမ်အေးချမ်းရေးတို့အတွက် မြန်မာနိုင်ငံကလည်း ကျန်အဖွဲ့ဝင်နိုင်ငံများနှင့်အတူ အစွမ်းကုန် ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း** ရှင်းလင်းပြောကြားခဲ့သည်။

ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံဝန်ကြီးချုပ် မစ္စတာဖန်ဗန်ခိုင်က **မိမိတို့နှစ်နိုင်ငံသည် အစဉ်အလာရင်းနှီးမှုရှိပြီးသော နိုင်ငံများဖြစ်သည့်အပြင် တစ်နိုင်ငံ၏ အချုပ်အခြာအာဏာကို တစ်နိုင်ငံကလေးစားရေး၊ တစ်နိုင်ငံ၏ ပြည်တွင်းရေးကို တစ်နိုင်ငံက ဝင်ရောက်မစွက်ဖက်ရေး၊ နိုင်ငံတစ်နိုင်ငံ၏ ကံကြမ္မာကို သက်ဆိုင်ရာကာယကံရှင်နိုင်ငံကသာ ပြဋ္ဌာန်းပိုင်ခွင့်ရှိရေးတို့ကို မိမိတို့နှစ်နိုင်ငံစလုံးက တန်ဖိုးထားလိုက်နာလျက်ရှိပါကြောင်း၊ မြန်မာနိုင်ငံ၏ အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေးနှင့် ဒီမိုကရေစီအသွင်ကူးပြောင်းရေးအတွက် ချမှတ်ထားသော မူဝါဒလမ်းစဉ်များ အောင်မြင်ရေးတို့အတွက် ကြိုးပမ်းဆောင်ရွက်နေမှုများကို မိမိတို့က နားလည်ထောက်ခံပါကြောင်း** ပြောကြားခဲ့သည်။

မြန်မာ-ဗီယက်နမ် နှစ်နိုင်ငံ တွေ့ဆုံဆွေးနွေးပွဲ အပြီးတွင် ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရနှင့် ဗီယက်နမ်ဆိုရှယ်လစ် သမ္မတနိုင်ငံအစိုးရတို့အကြား မူးခင်းကာကွယ်ရေးနှင့် တိုက်ဖျက်ရေး ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ သဘောတူစာချုပ်ကို လက်မှတ်ရေးထိုးခဲ့ကြသည်။

မြန်မာနိုင်ငံနှင့် ဗီယက်နမ်နိုင်ငံတို့သည် အစဉ်အလာအရ ချစ်ကြည်ရင်းနှီးမှုရှိသော နိုင်ငံများဖြစ်ကြသည်။ နှစ်နိုင်ငံ အပြန်အလှန် နားလည်စာနာမှု၊ အိမ်နီးချင်းကောင်းပီသမှုတို့ကို ပိုမိုထိန်းသိမ်းမြှင့်တင်ရင်း နှစ်ဦးနှစ်ဖက်အကျိုးဖြစ်ထွန်းနေမှုများ ရရှိစေရန် ဆက်လက်ပူးပေါင်းဆောင်ရွက်လျက်ရှိနေသည်။

မြန်မာ-ဗီယက်နမ်နှစ်နိုင်ငံအကြား လက်ရှိပူးပေါင်းဆောင်ရွက်မှုများသာမက နှစ်နိုင်ငံ ကုန်သွယ်ရေးပမာဏတိုးမြှင့်ရေး၊ ကျန်းမာရေး၊ မဲခေါင်မြစ်ကို အကျိုးရှိစွာ အသုံးချရေး၊ ခရီးသွားလုပ်ငန်းများ တိုးတက်ဖွံ့ဖြိုးရေးကဏ္ဍများ၌ ပိုမိုပူးပေါင်း ဆောင်ရွက်နိုင်ရေး အလားအလာ ကောင်းမွန်လျက်ရှိသည်။

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ချစ်ကြည်ရေးခရီးစဉ်အတွင်း ဗီယက်နမ်ကွန်မြူနစ်ပါတီ အထွေထွေအတွင်းရေးမှူး မစ္စတာ နွန်ဒွတ်မင်း၊ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မစ္စတာ ငုယင်ဗန်အန်တို့နှင့်လည်း တွေ့ဆုံနှုတ်ဆက်ခဲ့သည်။ ယင်းသို့တွေ့ဆုံနှုတ်ဆက်ရာတွင် နှစ်နိုင်ငံအကြား တည်ရှိပြီးဖြစ်သော ချစ်ကြည်ရင်းနှီးမှုနှင့် မိတ်ကောင်းဆွေကောင်းဆက်ဆံမှုများကို ဆက်လက်တိုးမြှင့်သွားရေး၊ နိုင်ငံတကာဆက်ဆံရေးနယ်ပယ်များတွင် နီးနီးကပ်ကပ် ပူးပေါင်းဆောင်ရွက်ရေး ကိစ္စရပ်များကို ရင်းနှီးခင်မင်စွာ ပြောကြားခဲ့ကြသည်။

သို့ဖြစ်ရာ နိုင်ငံတော်ဝန်ကြီးချုပ်ဗိုလ်ချုပ်ကြီးခင်ညွန့်၏ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ချစ်ကြည်ရေးခရီးစဉ်သည် မြန်မာနှင့်ဗီယက်နမ်နိုင်ငံတို့အကြား အစဉ်အလာအရ တည်ရှိပြီးဖြစ်သော ချစ်ကြည်ရင်းနှီးမှုနှင့် ဆက်ဆံမှုများကို ပိုမိုတိုးမြှင့်ရင်း ဒေသတွင်း ဖွံ့ဖြိုးတိုးတက်ရေးနှင့် တည်ငြိမ်ရေးတို့အတွက် အာဆီယံအဖွဲ့ဝင်နိုင်ငံများနှင့် ဆက်လက်အရှိန်အဟုန်မြှင့် ပူးပေါင်းဆောင်ရွက်သွားနိုင်မည်ဖြစ်ကြောင်း ကြေးမုံက ယုံကြည်ပါသည်။ ။

မြိုင်ကြီးငူဆရာတော်ဘဒ္ဒန္တ သုဇနာ၏တရားပွဲ

ရန်ကုန် ဩဂုတ် ၁၁

ဗဟန်းမြို့နယ် ရွှေတိဂုံစေတီတော်မြောက်ဘက်စောင်းတန်းအနီးရှိ ဆွေချမ်းသာမြိုင် ဓမ္မာရုံကြီး၌ ကရင်ပြည်နယ် လှိုင်းဘွဲမြို့နယ်မှ မြိုင်ကြီးငူဆရာတော် ဘဒ္ဒန္တသုဇနသည် ၁၃၆၆ ခုနှစ် ဒုတိယဝါဆိုလပြည့်ကျော် ၁၂ရက်၊ ဩဂုတ် ၁၂ရက်(ကြာသပတေးနေ့)ညနေ ၆နာရီတွင် နိဗ္ဗာန်ရောက်ကြောင်းတရားတော်များ ဟောကြားချီးမြှင့်မည်ဖြစ်သည်။ (သတင်းစဉ်)

မှတ်သားဖွယ်ရာမိုးရေချိန်များ

(၁၁-၈-၂၀၀၄)

သံတွဲ	-	၇ ဒသမ	၄၄	လက်မ	
ဖျာပုံ	-	၆ ဒသမ	၀၂	လက်မ	
မောင်တော	-	၄ ဒသမ	၁၇	လက်မ	
ရေး	-	၃ ဒသမ	၉၀	လက်မ	
ပုသိမ်	-	၃ ဒသမ	၈၂	လက်မ	
ထားဝယ်	-	၃ ဒသမ	၃၅	လက်မ	

ရွှေနိုင်ငံဂျာနယ် အတွဲ(၃)၊ အမှတ်(၈)ထုတ်ဝေဖြန့်ချိ

ရန်ကုန် ဩဂုတ် ၁၁

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းဌာနချုပ် ပညာရေးရာဌာနမှ ထုတ်ဝေသည့် ရွှေနိုင်ငံဂျာနယ် အတွဲ (၃) အမှတ်(၈)ကို ထုတ်ဝေဖြန့်ချိလိုက်သည်။ **(အပေါ်ပုံ)**

အဆိုပါဂျာနယ်တွင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း နာယက၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း မြန်မာ့ရေးရာနှင့် အပြည်ပြည်ဆိုင်ရာလေ့လာမှု သင်တန်းအမှတ်စဉ်(၆)နှင့် အထူးမွမ်းမံသင်တန်းအမှတ်စဉ်(၇)သင်တန်းဆင်းပွဲအခမ်းအနားသို့ တက်ရောက် မြွက်ကြားခဲ့သည့် ဩဝါဒစကားနှင့် သတင်း၊ မောင်ဆုရှင်၊ ချစ်နိုင်(စိတ်ပညာ)၊ ချောင်းဆုံအုန်းသွင်၊ ညွန့်ဟံ(ကြူတော)၊ တက္ကသိုလ်သန်၊ ခင်လယ်လယ်ချစ် (မြန်/ဂုဏ်)၊ မောင်ချစ်ထွေး (မဟာဝိဇ္ဇာ)၊ ဦးကုန်း လူမော်၊ တက္ကသိုလ်ဘုန်းမြင့်ဆွေတို့၏ မှတ်ဖွယ်ဆောင်းပါးများ၊ ခြိမ့်နိုင်၏ ဘဝအားမာန်ကဗျာ၊ ပြည်နယ်၊ တိုင်း၊ ခရိုင်၊ မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းများ၏ နယ်မြေဒေသဖွံ့ဖြိုးရေးအကောင်အထည်ဖော်မှု သတင်းများ၊ နိုင်ငံတကာဖြစ်ရပ်များ စုလင်စွာဖော်ပြပါရှိသည်။ (က-ပ)

ဂါရဝပြု

ပြည်ထောင်စုမြန်မာနိုင်ငံတော်-နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်အား ဩဂုတ် ၁၀ရက်က Lao Plaza Hotel **ခန်းမ၌ မြန်မာနိုင်ငံသံရုံးနှင့် စစ်သံရုံးတို့မှ ဝန်ထမ်းများ ဂါရဝပြုကြစဉ်။** (သတင်း-ကျော်ဖုံး) (သတင်းစဉ်)

ပို့ဆောင်နှုတ်ဆက်

ပြည်ထောင်စု မြန်မာနိုင်ငံတော်-နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်အား လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဗီယန်ကျင်းမြို့ ဝပ်တေး အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် လာအိုပြည်သူ့ဒီမိုကရက်တစ် သမ္မတနိုင်ငံ ဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီး၊ စစ်သံမှူး၊ မြန်မာသံရုံးနှင့်စစ်သံရုံးဝန်ထမ်းများ၊ မိသားစုများ ပို့ဆောင် နှုတ်ဆက်ကြစဉ်။ (သတင်း-ကျော်ဖုံး)
(သတင်းစဉ်)

အမှတ်တရ စုပေါင်းဓာတ်ပုံရိုက်

ပြည်ထောင်စု မြန်မာနိုင်ငံတော် - နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ခင်ညွန့် ဦးဆောင်သော မြန်မာ ချစ်ကြည်ရေး ကိုယ်စားလှယ် အဖွဲ့ဝင်များနှင့် လာအိုပြည်သူ့ ဒီမိုကရက်တစ် သမ္မတနိုင်ငံ သမ္မတ မစ္စတာ ခမ်တေးဆီဖန်ဒုံနှင့် အဖွဲ့ဝင်များ ဩဂုတ် ၁၀ ရက်က ဗီယန်ကျင်းမြို့ရှိ သမ္မတအိမ်တော်ရှေ့တွင် အမှတ်တရ စုပေါင်းဓာတ်ပုံ ရိုက်ကြစဉ်။

(သတင်းစဉ်)

မိမိတို့သည် ဆွေမျိုးသားချင်းသဖွယ် ဖြစ်နေ သမိုင်းကြောင်းအရ ဘဝတူများဖြစ်ကြသည့်အပြင် ရင်းနှီးချစ်ခင်

✧ ရှေ့ဖုံးမှ

မစ္စတာ ခမ်တေးဆီဖန်ဒုံနှင့် ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာနဝန်ကြီး မစ္စတာဆွမ်ဆာဗက်လင်ဆာဗက်၊ သမ္မတရုံးဝန်ကြီး မစ္စတာ ဆိုဘန် ဆရီသီရက်၊ အစိုးရအဖွဲ့ရုံး ဝန်ကြီး ဒေါက်တာဖန်ခမ်ဗီဖာဝပ်၊ မြန်မာနိုင်ငံဆိုင်ရာ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာချန်သာ ဗီဘိုဒီဆိန်နှင့် အဆင့်မြင့်အရာရှိများ တက်ရောက်ကြသည်။

ဆွေမျိုးသားချင်းသဖွယ်

ထိုသို့တွေ့ဆုံစဉ် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ သမ္မတ မစ္စတာခမ်တေးဆီဖန်ဒုံက အဆွေတော်ဝန်ကြီးချုပ်အနေဖြင့် မိမိတို့နိုင်ငံသို့ အကြိမ်ကြိမ် ရောက်ဖူးနေသဖြင့် မိမိတို့သည် ဆွေမျိုးသားချင်းသဖွယ် ဖြစ်နေကြကြောင်း၊ မိမိတို့နှစ်နိုင်ငံသည် ညီအစ်ကိုနိုင်ငံများကဲ့သို့ပင် ချစ်ချစ်ခင်ခင် ရင်းရင်းနှီးနှီး ရှိကြပြီး တစ်ဦးနှင့်တစ်ဦး အပြန်အလှန်လေးစားမှုရှိကြကြောင်း။

နှစ်နိုင်ငံအကြားဆက်ဆံရာ၌ ထိပ်ဆုံးအကြီးအကဲအဆင့်မှ အောက်ခြေအဆင့်အထိ ရင်းနှီးမှုရှိပြီး အပြန်အလှန်နားလည်မှုများလည်းရှိပြီးဖြစ်ရာ မိမိတို့နှစ်နိုင်ငံ၏ ဆက်ဆံရေးနှင့်ပူးပေါင်းလက်တွဲ ဆောင်ရွက်ရေးသည် တိုးတက်ရန်သာရှိကြောင်း၊ မြန်မာနိုင်ငံခေါင်းဆောင်များ နိုင်ငံအကျိုး ဆတက်ထမ်းပိုးဆောင်ရွက်နိုင်စေရန် မိမိကဆန္ဒပြုပါကြောင်းဖြင့် ပြောကြားသည်။

ညီအစ်ကိုနိုင်ငံများ

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က အဆွေတော် သမ္မတကြီး၏ တန်ဖိုးရှိသော ပြောကြားချက်များအပေါ် မိမိတို့အားရကျေနပ်မိကြောင်း၊ မြန်မာနိုင်ငံနှင့် လာအိုနိုင်ငံတို့သည် သမိုင်းကြောင်းအရ ဘဝတူများဖြစ်ကြသည့်အပြင် ရင်းနှီးချစ်ခင်ကြသည့် ညီအစ်ကိုနိုင်ငံများဖြစ်၍ ဒေသတွင်းကိစ္စရပ်များနှင့် နိုင်ငံတကာကိစ္စရပ်များ၌ အပြန်အလှန်ပူးပေါင်းဆောင်ရွက်သွားပြီး အပြန်အလှန် ထောက်ခံမှု၊ အကူအညီပေးမှုများ ပြုလုပ်သွားမည် ဖြစ်သည်ကို ယုံကြည်ပါကြောင်းဖြင့် ရင်းနှီးခင်မင်စွာ ဆွေးနွေးသည်။

တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ သမ္မတ မစ္စတာ ခမ်တေးဆီဖန်ဒုံနှင့် အဖွဲ့ဝင်များနှင့်အတူ မှတ်တမ်းတင်စုပေါင်းဓာတ်ပုံရိုက်ကြသည်။

(သတင်းစဉ်)

တွေ့ဆုံနှုတ်ဆက်

ပြည်ထောင်စုမြန်မာနိုင်ငံတော်-နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ခင်ညွန့် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ သမ္မတ မစ္စတာ ခမ်တေးဆီဖန်ဒုံအား ဩဂုတ်၁၀ ရက်က ဗီယန်ကျင်းမြို့ရှိ သမ္မတအိမ်တော်ဧည့်ခန်းမသို့ သွားရောက်တွေ့ဆုံနှုတ်ဆက်စဉ်။

(သတင်းစဉ်)

နှုတ်ဆက်

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ သမ္မတ မစ္စတာခမ်တေးဆီဖန်ဒုံအား ဩဂုတ်၁၀ရက်က ဗီယန်ကျင်းမြို့ရှိ သမ္မတအိမ်တော်ဧည့်ခန်းမတွင် နှုတ်ဆက်စဉ်။

(သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

၁၂-၈-၂၀၀၄ (ကြာသပတေးနေ့)

နံနက်ပိုင်း

၇း၀၀ ၁။ **ကျေးဇူးရှင် မင်းကွန်းဆရာတော်ကြီး နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်ချုပ်၊ အဘိဓဇမဟာရဋ္ဌဂုရု၊ အဘိဓဇအဂ္ဂမဟာ သဒ္ဓမ္မ ဇောတိက၊ တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဆရာတော် ဘဒ္ဒန္တဝိစိတ္တသာရာဘိဝံသ၏ ပရိတ်တရားတော်**

၇း၂၅ ၂။ ကျန်းမာဖို့အတူကစားစို့

၇း၃၀ ၃။ နံနက်ခင်းသတင်း

၇း၄၀ ၄။ သံသာချိုအေးမင်္ဂလာတေး

၇း၅၀ ၅။ ပြည်ထောင်စု တိုင်းရင်းသားရိုးရာအက

၈း၀၀ ၆။ အတီးပြိုင်ပွဲ

၈း၁၀ ၇။ အကပဒေသာ

၈း၂၀ ၈။ ဘိုင်းဒါးရေလှောင်တမံ

၈း၃၀ ၉။ International News.

၈း၄၅ ၁၀။ Let's Go.

၉း၀၀ ၁၁။ အစီအစဉ်ပြီး၏။

ညပိုင်း

၄း၀၀ ၁။ စစ်ချီတေး၊စစ်သည်တေး

၄း၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ

၄း၃၀ ၃။ English for Everyday Use.

၄း၄၅ ၄။ တေးဂီတအစီအစဉ်

၅း၀၀ ၅။ အဝေးသင်တက္ကသိုလ်ပညာရေးရုပ်မြင်သံကြားသင်ခန်းစာ -ဒုတိယနှစ် (သတ္တဗေဒ၊ ဓာတုဗေဒ အထူးပြုများ) (ဓာတုဗေဒ)

၅း၁၅ ၆။ ချစ်စရာ့အရွယ်ကကြိုးသွယ်

၅း၃၀ ၇။ သတိတစ်ချက်တစ်သက်အမှား (ကျော်မင်းနောင်၊ ကြည်လဲ့လဲ့ဦး၊ နန်းကလျာလှိုင်၊သကြဲန်အောင်) [ဒါရိုက်တာ-စောစန္ဒာလှိုင်]

၅း၄၅ ၈။ မြန်မာစာမြန်မာစကား

၆း၀၀ ၉။ တေးဂီတအစီအစဉ်

၆း၁၅ ၁၀။ နိုင်ငံအဝန်းသစ်တောစွမ်းဖြင့်စိမ်းလန်းစေရမည်

၆း၃၀ ၁၁။ ညနေခင်းသတင်း

၇း၀၀ ၁၂။ မိုးလေဝသအခြေအနေ

၇း၀၅ ၁၃။ **နိုင်ငံခြားဇာတ်လမ်းတွဲ "လူချွန်လူကောင်း" (အပိုင်း-၁)**

၇း၃၅ ၁၄။ တေးဂီတအစီအစဉ်

၇း၄၅ ၁၅။ မြန်မာ့ခြင်းလုံး

၈း၀၀ ၁၆။ ပြည်တွင်းသတင်း

၁၇။ နိုင်ငံတကာသတင်းများ

၁၈။ မိုးလေဝသအခြေအနေ

၁၉။ **ကောဒသမအကြိမ် (၁၁)ကြိမ် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊ အတီးပြိုင်ပွဲ ဆုရွှန်ဆင်မင်းဇာတ်တော်ကြီး (ပထမဆု) (ရန်ကုန်တိုင်း-၁) (ဒုတိယပိုင်း)**

၂၀။ နောက်တစ်နေ့အစီအစဉ်

၂၁။ အစီအစဉ်ပြီး၏။

ရှီးယိုက်ခုခံရေးသမားများ၏ ဆက်လက်တိုက်ခိုက်မှုများကြောင့် အီရတ်တောင်ပိုင်းမှ ရေနံတင်ပို့မှုရပ်ဆိုင်းသွား

ဘဂ္ဂဒက် ဩဂုတ် ၁၀

ရှီးယိုက်ခုခံတိုက်ခိုက်ရေးသမားများ၏ တိုက်ခိုက်မှုများပြန်လည်ဖြစ်ပွားစဉ် အတောအတွင်း ဒေသတွင်း၌ ဆူပူတိုက်ခိုက်မှုဖြစ်နေသည့်အတွက် အီရတ်တောင်ပိုင်းရေနံတွင်းများမှ ရေနံတင်ပို့မှုမှာ တနင်္လာနေ့က ရပ်ဆိုင်းသွားကြောင်း အီရတ်တောင်ပိုင်း ရေနံကုမ္ပဏီမှ တာဝန်ရှိပုဂ္ဂိုလ်တစ်ဦးက ပြောကြားသည်။

နေ့စဉ် ရေနံပီပါ ၁ ဒသမ ၈ သန်းသို့မဟုတ် အီရတ် ရေနံတင်ပို့မှု၏ ၉၀ ရာခိုင်နှုန်းသည် အီရတ်နိုင်ငံတောင်ပိုင်း ဘာဆာရာဆိပ်ကမ်းမြို့မှ ဖြတ်သန်းသွားရသည်။ အီရတ် ရေနံတင်ပို့မှု ရပ်ဆိုင်းသွားခြင်းသည် အီရတ်နိုင်ငံ ပြန်လည်တည်ဆောက်ရေးအားထုတ်ကြိုးပမ်းမှုကို အကြီးအကျယ် အဟန့်အတားဖြစ်စေမည်ဖြစ်သည်။

ရှီးယိုက်ခေါင်းဆောင် မိုတာဒါ အယ်လ်ဆာဒါအား သစ္စာစောင့်သိသည့် လက်နက်ကိုင် တိုက်ခိုက်ရေးသမားများက ဘာဆာရာမြို့ရှိ ရေနံလုပ်ငန်းများကို တိုက်ခိုက်မည်ဟု ခြိမ်းခြောက်ခဲ့ပြီးနောက် အီရတ်နိုင်ငံတောင်ပိုင်းရေနံတွင်းများမှ ရေနံတင်ပို့မှုသည် တနင်္လာနေ့က ရပ်ဆိုင်းသွားခဲ့ရကြောင်း အဆိုပါ တာဝန်ရှိပုဂ္ဂိုလ်က ပြောကြားသည်။

ရေနံတင်ပို့မှု ရပ်ဆိုင်းသွားသည့် သတင်းကို မရရှိကြောင်း ဘာဆာရာမြို့ကို ကင်းလှည့် စောင့်ကြပ်နေသည့် ဗြိတိသျှ စစ်ဘက်ဆိုင်ရာတို့က ပြောကြားသည်။

ငါးရက်ကြာ

အယ်လ်ဆာဒါ၏ လက်နက်ကိုင် တိုက်ခိုက်ရေးသမားများသည် အီရတ်နိုင်ငံတစ်ဝန်း ရှီးယိုက်အများစု နေထိုင်ရာဒေသများတွင် အမေရိကန်ဦးဆောင်သည့် အပေါင်းပါ တပ်ဖွဲ့များနှင့် အီရတ်တပ်ဖွဲ့များကို တိုက်ခိုက်နေသည်မှာ ငါးရက်ကြာသွားပြီ ဖြစ်သည်။

အတည်မပြုနိုင်သေး

ရေနံတင်ပို့မှု ရပ်ဆိုင်းသွားသည့် သတင်းကို အတည်မပြုနိုင်သေးကြောင်း၊ သို့ရာတွင် အီရတ်ရေနံလုပ်ငန်းကို တိုက်ခိုက်မှုသည် အီရတ်ပြည်သူများ၏ အကျိုးစီးပွားကိုသာ ထိခိုက်စေမည်ဖြစ်ကြောင်း အီရတ်ရေနံဝန်ကြီးဌာနမှ ပြောရေးဆိုခွင့်ရှိသူ အက်ဆမ်ဂျီဟက်က ပြောကြားသည်။ ***အင်တာနက်။***

လုံခြုံရေးစောင့်ကြပ်

အီရတ်နိုင်ငံ အမ်မရာမြို့လမ်းမပေါ်တွင် လုံခြုံရေးစောင့်ကြပ်နေသည့် အီရတ် ခုခံတိုက်ခိုက်ရေးသမားများကို ဩဂုတ် ၇ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

ဘာဆာရာမြို့တွင် တိုက်ခိုက်မှုများ ပြင်းထန်စွာဖြစ်ပွား ဗြိတိသျှတပ်ဖွဲ့ဝင် ငါးဦးဒဏ်ရာရရှိ

ဘာဆာရာ ဩဂုတ် ၁၀

အီရတ်နိုင်ငံ၏ ဒုတိယမြောက်အကြီးဆုံးမြို့ဖြစ်သည့် ဘာဆာရာ၌ တင်းမာမှုများ မြင့်တက်နေစဉ်မှာပင် ဘာဆာရာမြို့ လမ်းမများပေါ်တွင် တနင်္လာနေ့က ရှီးယိုက်လက်နက်ကိုင်သမားများနှင့် တိုက်ခိုက်မှုများ အပြင်းအထန်ဖြစ်ပွားရာတွင် ဗြိတိသျှတပ်ဖွဲ့ဝင်ငါးဦး ဒဏ်ရာရရှိခဲ့ကြောင်း ဗြိတိသျှစစ်ဘက်ဆိုင်ရာ ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြောကြားသည်။

မီးလောင်ပျက်စီး

ရှီးယိုက်ခေါင်းဆောင် မိုတာဒါ အယ်လ်ဆာဒါကို သစ္စာစောင့်သိသည့် ခုခံတိုက်ခိုက်ရေးသမားများက ဗြိတိသျှတပ်ဖွဲ့ဝင်များ၏ လှည့်ကင်းကို ဒုံးပစ်လောင်ချာများဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့ပြီးနောက် ဗြိတိသျှစစ်ဘက်ဆိုင်ရာ လင့်ရိုဘာကားနှစ်စီးလည်း မီးလောင်ပျက်စီးခဲ့သည်။

သယ်ဆောင်သွား

ယင်းသို့ ပစ်ခတ်တိုက်ခိုက်မှုကြောင့် ဗြိတိသျှတပ်ဖွဲ့ဝင် ငါးဦးဒဏ်ရာ ရရှိခဲ့ပုံရကြောင်း ဘာဆာရာရှိ ဗြိတိသျှတပ်ဖွဲ့ဝင်များ၏ ပြောရေးဆိုခွင့်ရှိသူ ဗိုလ်ကြီးဟစ်ရှမ်းဟာလာဝီက ရိုက်တာသတင်းဌာနသို့ ပြောကြားသည်။ မီးလောင်ပျက်စီးသွားသည့် ဗြိတိသျှစစ်ဘက်သုံး ကားနှစ်စီးကိုလည်း ဗြိတိသျှတပ်ဖွဲ့ဝင်များက သယ်ဆောင်သွားကြောင်း ဗြိတိသျှတပ်ဖွဲ့ဝင်များ၏ ပြောရေးဆိုခွင့်ရှိသူ အမျိုးသမီးတစ်ဦးက ပြောကြားသည်။

တိုက်ခိုက်မှု ဖြစ်ပွား

ရှီးယိုက်ခုခံတိုက်ခိုက်ရေးသမားများသည် အိုလံပစ်အဆောက်အအုံဟောင်းဖြစ်သည့် ၎င်းတို့၏ ဌာနချုပ်အနီးတွင် ဗြိတိသျှတပ်ဖွဲ့ဝင်များနှင့် တိုက်ခိုက်မှုဖြစ်ပွားခြင်းဖြစ်သည်ဟု ဘာဆာရာမြို့ခံတစ်ဦးက ပြောကြားသည်။

ရှီးယိုက်လက်နက်ကိုင်သမားများသည် လွန်ခဲ့သည့် ငါးရက်အတွင်းက အီရတ်နိုင်ငံတောင်ပိုင်း မြို့အချို့နှင့် ဘဂ္ဂဒက်မြို့တို့တွင် အမေရိကန်၊ ဗြိတိန်နှင့် အခြားအပေါင်းပါ တပ်ဖွဲ့များကို အကြီးအကျယ် တိုက်ခိုက်ခဲ့သည်။ အပြင်းထန်ဆုံးတိုက်ခိုက်မှုများမှာ နာဂျက်ဖ်မြို့တွင် ဖြစ်ပွားခဲ့သည်။

သေဆုံး

ယခုနှစ် ဧပြီလနှင့် မေလတို့တွင် ဗြိတိသျှတပ်ဖွဲ့ဝင်များနှင့် ရှီးယိုက်လက်နက်ကိုင်သမားများ ရက်အတန်ကြာ ဘာဆာရာမြို့၌ တိုက်ပွဲအပြင်းအထန်ဖြစ်ပွားခဲ့ရာ လက်နက်ကိုင်သမား တစ်ဒါဇင်ကျော် သေဆုံးခဲ့ရသည်။ ***အင်တာနက်။***

အယ်လ်ဂျာဇီရာ ရုပ်မြင်သံကြား ဘဂ္ဂဒက်ရုံးခွဲ အပိတ်ခံရ

ဘဂ္ဂဒက် ဩဂုတ် ၁၀

အီရတ် ကြားဖြတ်အစိုးရအဖွဲ့သည် ကာတာနိုင်ငံ အခြေစိုက် အယ်လ်ဂျာဇီရာဂြိုဟ်တုရုပ်မြင်သံကြားဌာန၏ ဘဂ္ဂဒက်ရုံးခွဲကို တစ်လကြာ ပိတ်ထားရန် စနေနေ့က ညွှန်ကြားလိုက်သည်။

အတည်ပြု

အယ်လ်ဂျာဇီရာ ရုပ်မြင်သံကြားဌာန၏ ဘဂ္ဂဒက်ရုံးခွဲပိတ်ထားရန် ဆုံးဖြတ်လိုက်ကြောင်း ဝန်ကြီးချုပ် အီယတ်အာလာဝီက သတင်းစာရှင်းလင်းပွဲတွင် အတည်ပြုပြောကြားသည်။ အယ်လ်ဂျာဇီရာ ရုပ်မြင်သံကြားဌာနသည် အကြမ်းဖက်မှုများဖြစ်ပေါ်ရန်နှင့် အမုန်းတရားပွားများမှုဖြစ်ပေါ်ရန် လှုံ့ဆော်ပေးခြင်း ရှိ၊ မရှိ ရက်သတ္တလေးပတ်တာကာလအတွင်း လေ့လာစောင့်ကြည့်ရန် ကော်မရှင်တစ်ရပ်ကို ထူထောင်ပေးခဲ့ကြောင်း၊ အီရတ်ပြည်သူလူထုကို ကာကွယ်စောင့်ရှောက်ပေးနိုင်ရန် ယခုကဲ့သို့ ဆုံးဖြတ်ရခြင်းဖြစ်ကြောင်း အာလာဝီက ပြောကြားသည်။

တရားမျှတမှုမရှိ

အယ်လ်ဂျာဇီရာ ရုပ်မြင်သံကြားရုံးခွဲကို ပိတ်ခြင်းသည် ဝမ်းနည်းစရာကောင်းပြီး တရားမျှတမှုမရှိကြောင်း အယ်လ်ဂျာဇီရာ ရုပ်မြင်သံကြား ပြောရေးဆိုခွင့်ရှိသူ ဂျီဟတ်ဘောလောက်က ပြောကြားသည်။

အီရတ်ရဲတပ်ဖွဲ့မှ အရာရှိများသည် စနေနေ့နှောင်းပိုင်းတွင် အယ်လ်ဂျာဇီရာ ရုပ်မြင်သံကြားရုံးခွဲ အဆောက်အအုံရှိရာသို့ သွားရောက်ခဲ့ပြီး သတင်းခန်းမကို ချိပ်ပိတ်ရာ ရုပ်မြင်သံကြားဝန်ထမ်းများက စာဒကတက်ကာ ပြောဆိုခဲ့ကြသည်။

ထုတ်လွှင့်

အာရပ်ရုပ်မြင်သံကြားဌာနများသည် ဓားစာခံဖမ်းဆီးခြင်း၊ ဓားစာခံအဖြစ်အဖမ်းခံရသူများအား သတ်ဖြတ်ပစ်မည်ဟု စစ်သွေးကြွတို့က ခြိမ်းခြောက်ခြင်းတို့နှင့်ပတ်သက်သောသတင်းများကို အသားပေးထုတ်လွှင့်ခဲ့သည်ဟု အီရတ်ပြည်ထဲရေးဝန်ကြီး ဖလားအယ်လ်-နာဂျစ်က ပြောကြားသည်။

အင်တာနက်။

ဘဂ္ဂဒက်မြို့ ဆာဒါစီးတီးဒေသတွင် အမေရိကန်တပ်ဖွဲ့ဝင်များကို တိုက်ခိုက်ရန် ပြင်ဆင်နေသည့် အီရတ် ခုခံတိုက်ခိုက်ရေးသမားများကို ဩဂုတ် ၅ ရက်က တွေ့ရစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

ဘဂ္ဂဒက်မြောက်ပိုင်း၌ ကားဗုံးပေါက်ကွဲ လူသုံးဦးသေဆုံးပြီး ၁၄ဦး ဒဏ်ရာရရှိ

ဘာကူဘာ (အီရတ်) ဩဂုတ် ၁၀

ဘဂ္ဂဒက်မြို့တော်မြောက်ပိုင်းဒေသရှိ ဒေသခံတာဝန်ရှိပုဂ္ဂိုလ်တစ်ဦး၏ အိမ်အပြင်ဘက်တွင် တနင်္လာနေ့က ကားဗုံးပေါက်ကွဲရာ လူသုံးဦးထက်မနည်းသေဆုံးပြီး ၁၄ ဦးထိခိုက်ဒဏ်ရာရရှိကြောင်း ရဲဌာနသတင်းရပ်ကွက်က ပြောကြားသည်။

ဘာလက်ရုဇ် ကျေးရွာရှိအာကီဟာမက်၏ နေအိမ်တွင်ကာဗုံးပေါက်ကွဲမှု ဖြစ်ပွားပြီးနောက် ဒိုင်ယာလာပြည်နယ် ဒုတိယအုပ်ချုပ်ရေးမှူး အာကီဟာမက်သည်လည်း ထိခိုက်ဒဏ်ရာရရှိသူများတွင် တစ်ဦးအပါအဝင်ဖြစ်ပြီး ၎င်းအား အမေရိကန်စစ်ဘက်ဆေးရုံသို့ အမြန်ပို့လိုက်ရသည်ဟု ၎င်းသတင်းရပ်ကွက်က ပြောကြားသည်။ ၎င်း၏အခြေအနေနှင့် ပတ်သက်၍ ရုတ်တရက် မသိရသေးပေ။

ဟာမက်၏ မိသားစုများအပါအဝင် အခြားသေဆုံးသူများကို ဒေသခံဆေးရုံသို့ သယ်ဆောင်သွားသည်။ ဆက်ဒမ်ဟူစိန် လွန်ခဲ့သောနှစ်က ရာထူးမှ ဖယ်ရှားခံရပြီးသည့်နောက် အမေရိကန်တပ်ဖွဲ့ဝင်များက ခန့်ထားခဲ့သည့် ဒေသခံတာဝန်ရှိပုဂ္ဂိုလ်အများအပြားအား ခုခံတိုက်ခိုက်ရေးသမားများက သတ်ဖြတ်ခဲ့ကြသည်။ ***အမ်အင်အေ၊ရိုက်တာ။***

ဘာရိန်းနိုင်ငံ တော်ဝင်မိသားစုဝင်တစ်ဦးအား ဂွာတာနာမိုတွင် ဖမ်းဆီးနှိပ်စက်ကြောင်း သတင်းများထွက်လာ

မာနာမာ ဩဂုတ် ၁၀

ဘာရိန်းနိုင်ငံ၏ တော်ဝင်မိသားစုဝင်တစ်ဦးကို အမေရိကန်တို့အုပ်ချုပ်သော ဂွာတာနာမိုအကျဉ်းစခန်းတွင် ဖမ်းဆီးထားပြီး နှိပ်စက်မှုများလည်း ပြုလုပ်နေသည်ဆိုသောသတင်းကို ဘာရိန်းလူ့အခွင့်အရေးအုပ်စုတစ်စုက ဩဂုတ် ၈ ရက်တွင် ပြောကြားခဲ့သည်။ အဆိုပါသတင်းသည် ဘာရိန်းလူမျိုး နောက်တစ်ဦးကို အမေရိကန်တို့ ဖမ်းဆီးညှဉ်းပန်းထားသည်ဟု သိရသော ဒုတိယမြောက်သတင်းပင်ဖြစ်သည်။

ဂွာတာနာမို အကျဉ်းစခန်းသည် ကျူးဘားနိုင်ငံတွင် တည်ရှိသည်။ ထိုအကျဉ်းစခန်း၌ အမေရိကန်တို့က အာဖဂန် စစ်ပွဲဆင်နွှဲစဉ် ၂၀၀၂ ခုနှစ်အတွင်း ဖမ်းဆီးရမိသော အကျဉ်းသားများကို ချုပ်နှောင်ထားသည်။

ဖမ်းဆီးနှိပ်စက်

မကြာသေးမီအချိန်က အမေရိကန် ဂွာတာနာမိုစခန်းမှ အာရပ်လူမျိုး အကျဉ်းသားများ လွတ်မြောက်လာခဲ့သည်။ ထိုလွတ်မြောက်လာသူ အာရပ်အကျဉ်းသားများ၏ အဆိုအရ ရှိတ်ဆာလ်မန်ဘင်အီဘရာဟမ်အယ်ခါလီဖာမှာလည်း ဖမ်းဆီးနှိပ်စက်ခံနေရကြောင်း သိရသည်။ ၎င်းမှာ ဘာရိန်းနိုင်ငံ တော်ဝင်မိသားစုဝင်တစ်ဦးလည်း ဖြစ်သည်ဟုသာ ဖော်ပြထားပြီး အသေးစိတ် အချက်အလက်များကို ဘီစီအိပ်ချ်အဖွဲ့မှ ဖော်ပြသွားခြင်းမရှိပေ။ ထိုအဖွဲ့မှာ ဘာရိန်းလူ့အခွင့်အရေး ဗဟိုအဖွဲ့ဖြစ်သည်။

ဘာရိန်းနိုင်ငံသည် ယင်း၏ နိုင်ငံသားတစ်ဦး ဂွာတာနာမို အကျဉ်းထောင်၌ ဖမ်းဆီးနှိပ်စက်ခံနေရသည့်ကိစ္စကို စုံစမ်းပေးရန် အမေရိကန်အစိုးရကို တောင်းဆိုမည်ဆိုသော သတင်းများ ပေါ်ထွက်လာသည်။ အဖမ်းဆီးခံထားရသည် ဆိုသော အဆိုပါ နိုင်ငံသားမှာ ဂျူမားအယ်ဒေါ်ဆရီဖြစ်သည်။

ဘာရိန်း လူ့အခွင့်အရေးအဖွဲ့က ဂွာတာနာမိုရှိ ဘာရိန်းအကျဉ်းသား ဒေါ်ဆရီ၏အခြေအနေကို အစီရင်ခံဖော်ပြရာ၌ မကြာသေးမီအချိန်က လွတ်မြောက်လာသော ဗြိတိသျှအကျဉ်းသားသုံးဦး၏ ပြန်လည်ပြောကြားချက်များကို အကိုးအကားပြုထားသည်ဟု ဆိုသည်။

ပြန်လည်လွတ်မြောက်

မကြာသေးမီအချိန်က ဂွာတာနာမိုအကျဉ်းစခန်းမှ ပြန်လည်လွတ်မြောက်လာသော အာရပ်လူမျိုးအနက်မှ တစ်ဦးက ထိုအကျဉ်းစခန်းတွင် အဖမ်းခံနေရသော ဘာရိန်းတော်ဝင်မိသားစုဝင်မှာလည်း အနှိပ်စက်ခံသူများတွင် ပါဝင်ကြောင်း ပြောကြားသည်ဟု နဘီးလ်ရာဂျဗ်က ရိုက်တာသတင်းဌာနသို့ သတင်းပေးသည်။ နဘီးလ်ရာဂျဗ်မှ ဘာရိန်း လူ့အခွင့်အရေးအဖွဲ့မှ ဥက္ကဋ္ဌဖြစ်သည်။

ငြင်းဆန်ခဲ့

အထက်ပါ အာရပ်လူမျိုး အကျဉ်းသားဟောင်း၏ ပြောကြားချက်အရ တော်ဝင်မိသားစုဝင်သည် အကျဉ်းသားများက စစ်ဆေးသူ အမေရိကန်များနှင့် ပူးပေါင်းဆောင်ရွက်ရန် ငြင်းဆန်ခဲ့သောကြောင့် အနှိပ်စက်ခံရခြင်းဖြစ်သည်ဟု သိရသည်။ ထိုစကားများကို ပြောကြားသူ အာရပ်လူမျိုးများမှာ ယင်းမည်သည့် နိုင်ငံသားဖြစ်ကြောင်း ထုတ်ဖော်ပြောကြားခြင်းမရှိဟု ဆိုသည်။

ဘာရိန်း နိုင်ငံခြားရေးဝန်ကြီးမှ ယူဆက်ဖ်မာမွတ်က ဂွာတာနာမို အကျဉ်းစခန်းရှိ ဘာရိန်း အကျဉ်းသားများကိစ္စကို စုံစမ်းပေးရန် အမေရိကန်ကို မေတ္တာရပ်ခံထားသည်။

ထိုမေတ္တာရပ်ခံချက်တွင် ဘာရိန်းတော်ဝင်မိသားစုဝင် အပါအဝင် အခြားသော ဘာရိန်းနိုင်ငံသား အကျဉ်းသားများကိုစွလည်း ပါဝင်ကြောင်း သိရသည်။

ထိုအကျဉ်းသားများကို အမေရိကန်တို့ ဖမ်းဆီးထားသည်မှာ အချိန်အားဖြင့် နှစ်နှစ်ကျော်နေပြီ ဖြစ်သည်။

အမေရိကန်တို့၏ ဂွာတာနာမို အကျဉ်းစခန်းတွင်ရှိနေသော ဘာရိန်းနိုင်ငံသား အကျဉ်းသား စုစုပေါင်း ခြောက်ဦးရှိသည်။ ဘာရိန်းအစိုးရက ဝါရှင်တန်ရှိ ဘာရိန်းသံရုံးကို အကျဉ်းသားများကိစ္စကို အမေရိကန်အစိုးရ၏ နိုင်ငံခြားရေးဝန်ကြီးနှင့် ဆွေးနွေးရန် ညွှန်ကြားထားခြင်းဖြစ်ကြောင်းသိရသည်။ ဘာရိန်း အကျဉ်းသားတစ်ဦးနှင့်ပတ်သက်သောကိစ္စရပ်သည်အခြားအကျဉ်းသား ခြောက်ဦးစလုံးနှင့်လည်း သက်ဆိုင်စေသော သဘောရှိသည်ဟု ယူဆက်ဖ်မာမွတ်က ပြောကြားသည်။

တော်ဝင်မိသားစုဝင် ရှိတ်ဆာလ်မန်သည် ပါကစ္စတန်နိုင်ငံ၌ ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်နေစဉ် အဖမ်းခံရခြင်းဖြစ်သည်ဟု ဆာလ်မန်၏ မိသားစုဝင်များက ပြောကြားကြသည်။ ဘာရိန်းတော်ဝင် မိသားစုဝင်များ၏ ဦးရေ စုစုပေါင်းသည် ထောင်နှင့်ချီ၍ ရှိသည်ဟုဆိုသည်။

ယခုအခါ ဂွာတာနာမို အကျဉ်းစခန်းရှိ အကျဉ်းသားများ၏ ကိုယ်စားတရားရေးကိစ္စများ စွဲဆိုနိုင်ရန် ပြင်ဆင်မှုများ ပြုလုပ်နိုင်ရေးအတွက် အပြည်ပြည်ဆိုင်ရာ ရှေ့နေများအဖွဲ့တစ်ဖွဲ့က ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

အမ်အင်အေ၊ ရိုက်တာ။

နိုင်ငံတကာ သတင်းများ

အီရတ်နိုင်ငံသို့ တပ်ဖွဲ့ဝင်များ စေလွှတ်မှုကို တောင်ကိုရီးယားနိုင်ငံ ဆိုးလ်မြို့ရှိ စစ်အခြေစိုက်စခန်းတစ်ခုရှေ့တွင် ဆန့်ကျင်ဆန္ဒပြနေသည်ကို ဩဂုတ် ၃ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

ခုခံရေးသမားများနှင့် ကန်တပ်ဖွဲ့ဝင်များ တိုက်ပွဲဖြစ် ဘဂ္ဂဒက်နှင့်နာဂျက်ဖ်တွင် သေဆုံးသူအနည်းဆုံး ၄၃ ဦးရှိ

ဘဂ္ဂဒက် ဩဂုတ် ၁၀

ဘဂ္ဂဒက်မြို့တော်နှင့် နာဂျက်ဖ်မြို့တို့၌ လွန်ခဲ့သည့် ၂၄နာရီအတွင်း အမေရိကန်တပ်ဖွဲ့ဝင်များနှင့် ရှီးယိုက်ခုခံရေးသမားများအကြား ဖြစ်ပွားသော တိုက်ပွဲတွင် အနည်းဆုံး ၄၃ဦး သေဆုံးကြောင်းဖြင့် အီရတ် ကျန်းမာရေးဝန်ကြီးဌာနက တနင်္လာနေ့တွင် ကြေညာသည်။

သေဆုံး

ဘဂ္ဂဒက်မြို့တော် ဆင်ခြေဖုံး ဆာဒါးဒေသနှင့် အခြားသော ဒေသများတွင် စနေနေ့ နံနက် ၉ နာရီမှ တနင်္လာနေ့ နံနက် ၉ နာရီအထိ တိုက်ပွဲများ ဖြစ်ပွားစဉ်အတွင်း ၂၂ ဦး သေဆုံးကြောင်း ကျန်းမာရေးဝန်ကြီးဌာနက ကြေညာသည်။ ထိုအချိန်အတွင်း နာဂျက်မြို့၌ ဖြစ်ပွားသော တိုက်ပွဲများတွင် အနည်းဆုံးလူ ၂၁ ဦး သေဆုံးကြောင်း ကြေညာသည်။

နာဂျက်ဖ်မြို့တိုက်ပွဲ၌ သေဆုံးရသူများစာရင်းမှာ ၂၁ ဦးထက် ပိုများနိုင်ကြောင်း၊ အဘယ်ကြောင့်ဆိုသော် တိုက်ပွဲများ ဆက်လက်ဖြစ်ပွားနေသည့်အတွက် သေဆုံးသူများ၏ အလောင်းများကို အားလုံး မကောက်ယူနိုင်သေးသောကြောင့်ဖြစ်ကြောင်းဖြင့် အရာရှိတစ်ဦးက ပြောဆိုသည်။ ***အင်တာနက်။***

ဘဂ္ဂဒက်မြို့လယ်တွင် စိန်ပြောင်းကျည်များ ကျရောက်ပေါက်ကွဲပြီးနောက် အီရတ်အိုလံပစ်ကော်မတီ အဆောက်အအုံရှေ့တွင် လုံခြုံရေးစောင့်ကြပ်နေသည့် အမေရိကန်တပ်ဖွဲ့ဝင်တစ်ဦးကို ဩဂုတ် ၇ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

ကန်တပ်ဖွဲ့ဝင်များနှင့် ခုခံတိုက်ခိုက်ရေးသမားတို့ တိုက်ပွဲများဖြစ်ပွား အီရတ်ကြားဖြတ်အစိုးရအတွက် အလွန်ဆိုးရွားသည့် စိန်ခေါ်မှုဖြစ်

ဘဂ္ဂဒက် ဩဂုတ် ၁၀

အီရတ်နိုင်ငံ နာဂျက်ဖ်မြို့နှင့် ဘဂ္ဂဒက်ရှိ ရှီးယိုက်အများစုနေထိုင်ရာ ဆာဒါစီးတီးတွင် အမေရိကန်ဦးဆောင်သည့် အပေါင်းပါတပ်ဖွဲ့ဝင်များနှင့် ရှီးယိုက်ခေါင်းဆောင် မိုတာဒါအယ်လ်ဆာဒါအား သစ္စာစောင့်သိသည့် တိုက်ခိုက်ရေးသမားတို့ တတိယမြောက်နေ့အဖြစ် ဆက်လက်တိုက်ခိုက်ကြသည်။

အဆိုပါနေရာများတွင် အီရတ်ခုခံရေးသမားများသည် တရားမဝင်စစ်ဆေးရေးစခန်းများ ဖွင့်လှစ်ထားကြပြီး လမ်းမများပေါ်တွင် လက်နက်များဖြင့် ပြောင်ပြောင်တင်းတင်း ပစ်ခတ်နေကြသည်။

တတိယမြောက်နေ့ တိုက်ပွဲတွင် အရပ်သား ၂၃ ဦး သေဆုံးပြီး ၁၂၁ ဦး ဒဏ်ရာရရှိခဲ့ကြောင်း နာဂျက်ဖ်မြို့ရှိ ဆေးရုံသုံးရုံမှ တာဝန်ရှိပုဂ္ဂိုလ်များက ပြောကြားသည်။ ညပိုင်းရောက်သည့်အခါတိုက်ပွဲမှာ လျော့နည်းကျဆင်းခဲ့သည်။ ယင်းတိုက်ပွဲမှာ လအတန်ကြာအတွင်း အပြင်းအထန်ဆုံးတိုက်ပွဲဖြစ်ပြီး အီရတ်နိုင်ငံ တည်ငြိမ်ရေးအတွက် ရုန်းကန်လှုပ်ရှားနေရသည့် အီရတ်ကြားဖြတ် အစိုးရအတွက် အလွန်ဆိုးရွားသည့် စိန်ခေါ်အန်တုမှုလည်း ဖြစ်သည်။

အခြေအနေ တင်းမာမှု လျော့နည်းသွားစေရေး အစီအစဉ်၏ တစ်စိတ်တစ်ဒေသအနေဖြင့် ဝန်ကြီးချုပ် အာလာဝီက လက်နက်များကို အပ်နှံပြီး ဒေသန္တရ ရဲစခန်းများသို့ သတင်းအချက်အလက်များပေးသည့် ခုခံတိုက်ခိုက်ရေးသမားများကို စနေနေ့က လွတ်ငြိမ်းချမ်းသာခွင့်ပေးခဲ့သည်။

ဇွန် ၂၈ ရက် အာဏာရယူခဲ့ချိန်ကတည်းက အာလာဝီက ကတိပြုခဲ့သည့် အဆိုပါ လွတ်ငြိမ်းချမ်းသာခွင့် အစီအစဉ်သည် ရက်ပေါင်း ၃၀ ကြာမြင့်မည်ဖြစ်ပြီး ကြီးလေးသည့် ရာဇဝတ်မှုများကို ကျူးလွန်သူဟု သင်္ကာမကင်းသူများအတွက် အကျုံးမဝင်ပေ။ ထိုအတောအတွင်း ဘဂ္ဂဒက်မြို့လယ်တွင် စနေနေ့ညက အီရတ်ကြားဖြတ်အစိုးရနှင့် အမေရိကန်သံရုံးတို့တည်ရှိရာ အစောင့်အကြပ် ထူထပ်စွာချထားသည့် ခြံဝင်းကျယ်ကြီးအနီး၌ ဗုံးတစ်ဒါဇင်နီးပါး ပေါက်ကွဲခဲ့သည်။

ညဉ့်နက်ပိုင်း၌ ဖြစ်ပွားသည့် ယင်းကဲ့သို့ ဗုံးပေါက်ကွဲမှုများသည် မကြာမီရက်ပိုင်းအတွင်း ပိုမိုဖြစ်ပွားခဲ့သည်။ ကြာသပတေးနေ့နှင့် သောကြာနေ့ ညပိုင်းတို့တွင် နိုင်ငံခြားသတင်းစာများနှင့် ကန်ထရိုက် အလုပ်သမားများ တည်းခိုရာ ဘဂ္ဂဒက်မြို့ရှိ ဟိုတယ်နှစ်လုံးကို တိုက်ခိုက်ခဲ့သည်။ သို့ရာတွင် တစ်ဦးတစ်ယောက်မျှ ဒဏ်ရာရရှိခြင်း မရှိပေ။ ***အင်တာနက်။***

အီရတ် ၄၈ ဦးသေဆုံးမှု

ဗြိတိသျှစစ်ရဲက

စုံစမ်းစစ်ဆေးမှုများ

စတင် ပြုလုပ်

လန်ဒန် ဩဂုတ် ၁၀

ပြီးခဲ့သော မေလအတွင်းက ဗြိတိသျှတပ်ဖွဲ့များနှင့် အီရတ်များအကြား ဆက်စပ်နေသောကိစ္စတစ်ခုတွင် အီရတ်လူမျိုး ၄၈ ဦး သေဆုံးသော အဖြစ်အပျက်တစ်ရပ် ပေါ်ပေါက်ခဲ့သည့်ကိစ္စနှင့်ပတ်သက်၍ တပ်ဖွဲ့ဝင်များအနေဖြင့် တစ်စုံတစ်ရာ အပြစ် ရှိ၊ မရှိ သိရှိနိုင်စေရန် ဗြိတိသျှစစ်ရဲတပ်ဖွဲ့က စုံစမ်းစစ်ဆေးမှုများ ပြုလုပ်နေပြီဖြစ်ကြောင်း တနင်္လာနေ့တွင် အင်ဒီပင်းဒင့်သတင်းစာက ဖော်ပြလိုက်သည်။

ဗြိတိသျှစစ်ဘက်မှ နောက်ဆုံးရရှိသောစာရင်းများတွင် အီရတ်လူများ သေဆုံး ထိခိုက်ရသောစာရင်းသည် မူလက ထုတ်ပြန်ထားသော စာရင်းထက် သုံးဆနီးပါး ပိုမိုမြင့်မားလာသည်ကို တွေ့ရသည်။ ထို့ထက်လည်း ပိုမိုတိုးလာစရာအလားအလာများရှိနေသေးသည်ဟု သတင်းစာတွင် ဆက်လက်ရေးသားထားသည်။ အမေရိကန်တို့ ဦးဆောင်သောစစ်ပွဲကာလအတွင်း လွန်ခဲ့သောနှစ်မေ ၁ ရက်မှစ၍ ယနေ့အထိ ဗြိတိသျှတပ်ဖွဲ့များနှင့် ပတ်သက်နေသော ဖြစ်ရပ်များကြောင့် သေဆုံးရသော အီရတ်လူမျိုးများ၏ အရေအတွက် ကိန်းဂဏန်းကို ဗြိတိသျှကာကွယ်ရေးဌာနက ယခုတိုင်အောင် အတိအကျမသိသေးဘဲ ရှိသည်ဟုဆိုသည်။

အင်တာနက်။

လိပ်ဖြစ်ရင်တောင် ခေါင်းမပြူဝံ့ပါဗျာ (၅၇)

ပေါက်စ

ကလီကမာအချိုးနဲ့ လာပြန်ပြီတစ်မျိုးလို့ပဲ ပြောရမှာပေါ့ဗျာ။ လုပ်ပေါက်ကိုင်ပေါက်တွေက ဖောက်တီးဖောက်ထိုးနဲ့ အောက်သိုးသိုးအနံ့တွေ တလှိုင်လှိုင်သင်းပြီး အတင်းအဖျင်း အထုပ်စုတ်ကို သတင်းလုပ် ထုတ်လွှင့်တဲ့နေရာမှာတော့ ကမ္ဘာကျော် မုသာဝါဒီ BBC နဲ့ VOA တို့ဟာ နံပါတ်ဝမ်းတစ်ဂဏန်းတစ်ပေါ့ဗျာ။

အခုလည်း လုပ်ချလိုက်ပြန်ပြီဗျာ။ ၂၀၀၄ ခုနှစ် ဇူလိုင်လ ၂၆ ရက်နေ့ နံနက် ၆ နာရီမှာ BBC အသံလွှင့်ဌာနက ကဗျာဆရာ ဦးကြည်တင်ဦး ကွယ်လွန်မှုနှင့် ပတ်သက်၍ AAPP အဖွဲ့မှ ကိုတိတ်နိုင်အား ဆက်သွယ်မေးမြန်းတင်ပြချက်ဆိုပြီး ဗျူးခန်းနဲ့ အရှုးအနှမ်းတွေလို ထုတ်လွှင့်ခဲ့သဗျ။

အဲ… VOA အသံလွှင့်ဌာနကလည်း ဇူလိုင်လ ၂၆ ရက်နေ့ ည ၉ နာရီမှာပဲ ကဗျာဆရာ ဦးကြည်တင်ဦး၏ သမီးဖြစ်သူနှင့် ဆက်သွယ်မေးမြန်းချက်ဆိုပြီး BBC ကို အားကျမခံ ဗျူးခန်းနဲ့ တစ်မျိုးတစ်ဘာသာ ထုတ်လွှင့်လာပြန်သဗျ။

သို့ကလိုမျိုး မရိုးသားတဲ့ ဗျူးအကြံအဖန်တွေနဲ့ ထုတ်လွှင့်သွားသမျှ ပေါက်စက လိုရင်းလောက် ကောက်နုတ်ပြောရရင် ထောင်ဒဏ်ကျခံပြီး ၂၀၀၄ ခုနှစ် မတ်လ ၂၆ ရက်နေ့က လွတ်မြောက်လာတဲ့ ကဗျာဆရာ ကြည်တင်ဦးဟာ ဇူလိုင် ၂၄ ရက်နေ့မှာ သေဆုံးသွားတဲ့အတွက် BBC က AAPP အတွင်းရေးမှူးဆိုသူ ပုဂ္ဂိုလ်အထီးအကောင်းစားကြီး တိတ်နိုင်ကို ဆက်သွယ်မေးမြန်းသတဲ့ခင်ဗျာ။

အဲသလို မေးမြန်းတဲ့အခါမှာ AAPP အတွင်းရေးမှူးဆိုသူ တိတ်နိုင်က ဦးကြည်တင်ဦးဟာ ထောင်ထဲက ရလာတဲ့ သွေးတိုးရောဂါ၊ နှလုံးရောဂါ၊ ဆီးချိုရောဂါနဲ့ ကွယ်လွန်သွားတာ ဖြစ်တယ်ပေါ့ဗျာ။ အဲသဟာအပြင် ဦးကြည်တင်ဦးရဲ့ ခြေမက ပုပ်နေသတဲ့ဗျာ။ အဲသဟာရဲ့ အဲသဟာအပြင် ဦးကြည်တင်ဦးရဲ့ ပေါင်မှာလည်း စစ်ကြောရေးဌာနမှ ဝါးချွန်တွေ၊ ဝါးတွေနဲ့ အထိုးခံ အရိုက်ခံထားရလို့ ဝါးစလေးတွေတောင် ထွက်ထွက်လာသေးသတဲ့ဗျာ။

ထိုနည်းလည်းကောင်းပေါ့လေ၊ VOA က ဦးကြည်တင်ဦးရဲ့ သမီးဖြစ်သူကို ဆက်သွယ်မေးမြန်းတဲ့ အခါမှာ အရင်တုန်းကတည်းက သူ့အဖေဟာ သွေးတိုးရောဂါတော့ ရှိခဲ့တယ်တဲ့ဗျာ။ ထောင်ကလွတ်ခါနီးမှာ အင်းစိန်ဆေးရုံမှာ ဆေးဝါးကုသခံရသေးတယ်တဲ့ဗျာ။

ကဲ… ရှင်းလောက်ပါပြီခင်ဗျာ။ နယ်စပ်ဒေသ ချောင်ကြိုချောင်ကြားမှာ ခိုကပ်စားနေရတဲ့ AAPP ကလီကမာ အတွင်းရေးမှူး တိတ်နိုင်က BBC သောတရှင် ပရိသတ်အပေါင်းအတွက် မျက်ရည်စက်လက်နဲ့ အလွမ်းသယ်ပြသလို သွေးတိုးရောဂါဟာ အကျဉ်းထောင်ထဲက ရလာတာ မဟုတ်သလို ဦးကြည်တင်ဦးရဲ့ ခြေမ ပုပ်နေတာကော၊ ပေါင်မှာ ဝါးစတွေ ထွက်ထွက်နေတာကော အကြားအမြင် ပညာရှင်အလား မဟားတရား လုပ်ကြံလိမ်ညာပြောဆိုတတ်တဲ့ အတတ်ပညာကတော့ ရှာမှရှားပဲဗျာ။

ဘယ်လိုတွေလဲဗျ။ AAPP က ပြည်ပြေး ဝရမ်းပြေး အုပ်စုတွေနဲ့ ပြည်တွင်းမှာ ရှိနေတဲ့ ဘေးထိုင်ဘိုင်ကျဘုပြော ငါတကောကောနေတဲ့ နိုင်ငံရေးဇာတ်ပျက် လူတန်းစားတွေက မြန်မာနိုင်ငံနဲ့ မြန်မာအစိုးရကို ဘက်ပေါင်းစုံမှာ အဖျက်ပေါင်း စုံလင်စွာနဲ့ ယုံချင်စရာမရှိအောင် ထိပါးပုတ်ခတ်ပြီး လုပ်ကြံဖန်တီး သိက္ခာချတဲ့နည်းတွေထဲမှာ နာရေးအသုဘကိုတောင် ချမ်းသာမပေးဘဲ နိုင်ငံရေး အမြတ်ထုတ်ကြတာကတော့ အောက်တန်းကျလွန်းသဗျ။

ဘယ့်နှယ်ဗျာ။ အကျဉ်းထောင်က လွတ်လာပြီး တစ်လနဲ့ သေသေ၊ တစ်နှစ်မကလို့ ဆယ်နှစ်ကြာမှပဲ သေသေ၊ အကျဉ်းထောင်ထဲမှာ ညှဉ်းဆဲလို့၊ နှိပ်စက်လို့၊ စစ်ကြောရေးလုပ်တုန်းက မတရားနှိပ်စက်ခံရလို့၊ ထောင်ထဲမှာ ကျန်းမာရေးစောင့်ရှောက်မှု မရှိလို့ အဲဒီဒဏ်တွေ၊ ရောဂါတွေနဲ့ သေတာဖြစ်တယ်လို့ လုပ်ဇာတ်ခင်း ငိုချင်းချ၊ စွပ်စွဲပုတ်ခတ်ကြသလို အကျဉ်းထောင်ထဲမှာ သေပြန်တော့လဲ အချိန်မီ ဆေးကုသခွင့်ရအောင် လွှတ်မပေးလို့ အပြင်မှာ ဆေးကုသခွင့်ရရင် သေမှာမဟုတ်ဘူးဆိုပြီး အစိုးရအပေါ် အပြစ်ပုံချ၊ စွပ်စွဲပုတ်ခတ်တဲ့ အလွမ်းဇာတ်လမ်းတစ်ပုဒ် လုပ်ကြံဖန်တီးကြတယ်ဗျာ။

ခက်တော့လည်း အခက်သားလားဗျ။ အာဏာဆိုတဲ့ လောဘနဲ့ မနာလိုဝန်တိုတဲ့ မစ္ဆရိယစိတ်က အမှောင်ပိတ်ဖုံးသလို ဂိတ်ဆုံးအထိ ရောက်နေတဲ့ မောဟတရားက လွှမ်းနေတော့ ပရမ်းပတာစကားတွေပြောပြီး တဝဲဝဲရယ်တဲ့ တလည်လည် ဖြစ်နေကြပါကလားလို့ ပေါက်စ သနားမိသဗျ။

အဲ–ပေါက်စ လေ့လာမှတ်သားဖူးသမျှ တရားသဘောနဲ့ပြောရရင် လူဆိုတာ ဇာတိ၊ ဇရာ၊ ဗျာဓိ၊ မရဏဆိုတဲ့ ဖြစ်စဉ်အရ ဇာတိဆိုတဲ့ မွေးဖွားခြင်းနဲ့အတူ ဇရာဆိုတဲ့ အိုခြင်း၊ ဗျာဓိဆိုတဲ့ နာခြင်း၊ မရဏဆိုတဲ့ သေခြင်းတို့ဟာလည်း ရှောင်ကွင်းမရနိုင်သလို သေခြင်းတရားဆိုတာ နေရာမရွေး၊ အချိန်မရွေး ဖြစ်တတ်တဲ့အတွက် "မျက်စိတစ်မှိတ် လက်ဖျစ်တစ်တွက်"ဆိုတဲ့ တရားသဘောဆောင်ပုဒ်ရှိခဲ့တယ်ဗျာ။ အဲသဟာကြောင့် ဘယ်ပုဂ္ဂိုလ် ဘယ်သူပဲဖြစ်ဖြစ် ထောင်ထဲက လွတ်လာပြီးမှ သေချင်လည်း သေမှာပဲဗျာ။

ထိုနည်းတူစွာပေါ့ဗျာ။ ပေါက်စ ကြားနာခဲ့ဖူးတဲ့ သာသနာပြု ဓမ္မကထိက ဆရာတော် အရှင်ဉာဏိဿရက "ဘဝတန်ဖိုး"ဆိုတဲ့ တရားဒေသနာကို ချီးမြှင့်ဟောကြား လမ်းညွှန်ဆုံးမသွားတဲ့ အထဲမှာ "ရုပ်ရှိရင် ရောဂါရှိမှာပဲ"တဲ့ခင်ဗျ။ ခန္ဓာကိုယ်ရုပ်ကြီး ရှိနေသမျှ ရောဂါဆိုတာ ရှိနေတယ်ဆိုတဲ့ ဆရာတော်ရဲ့ တရားဓမ္မအမြင် သွန်သင်ဆုံးမဩဝါဒကို ပေါက်စ ကိုးကားရည်ညွှန်းပြီး ပြောရရင် ရောဂါဆိုတာ ထောင်ထဲမှာနေလည်း ရှိနေမှာပဲ၊ အပြင်မှာနေလည်း ရှိမှာပဲ၊ ဘာလို့လဲဆိုတော့ ခန္ဓာကိုယ်ရုပ် ရှိနေကြတာကိုးခင်ဗျ။

ထားလိုက်ပါတော့ဗျာ။ ပြောရရင်တော့ အကျဉ်းထောင်မှာ ရှိနေတဲ့ ဦးကြည်တင်ဦးလို အကျဉ်းသားတွေဟာ ထောင်ထဲမှာ ဘာအလုပ်မျှ မလုပ်ရဘဲ အချိန်မှန်စား၊ အချိန်မှန်အိပ်နဲ့ ဇိမ်နဲ့နေရတာပါခင်ဗျ။ အဲ…အဲ ကျန်းမာရေးအရလည်း အကျဉ်းထောင်ဆရာဝန်တွေက ပုံမှန်ဆေးစစ်ပေး၊ ကုသပေးတဲ့အပြင် လိုအပ်လာရင် အထူးကုဆရာဝန်တွေ၊ သမားတော်ကြီးတွေက ဆေးစစ်တယ်ဗျာ၊ ကုပေးတယ်ဗျာ။ အပြင်ဆေးရုံတွေမှာ တက်ရောက်ကုသစေတယ်ဗျာ။ အဲသဟာကိုပဲ ထောင်ထဲရောက်မှ ရောဂါတွေက မိုးပေါ်က ကျလာသလိုမျိုး အချိုးမပြေတဲ့ စကားတွေနဲ့ မဟားတရားပုတ်ခတ်စွပ်စွဲနေတာဟာ အကျဉ်းသားတွေအတွက်

> **AAPP က ပြည်ပြေး ဝရမ်းပြေးအုပ်စုတွေနဲ့ ပြည်တွင်းမှာရှိနေတဲ့ ဘေးထိုင်ဘိုင်ကျဘုပြော ငါတကောကောနေတဲ့ နိုင်ငံရေးဇာတ်ပျက် လူတန်းစားတွေက မြန်မာနိုင်ငံနဲ့ မြန်မာအစိုးရကို ဘက်ပေါင်းစုံမှာ အဖျက်ပေါင်းစုံလင်စွာနဲ့ ယုံချင်စရာမရှိအောင် ထိပါးပုတ်ခတ်ပြီး လုပ်ကြံဖန်တီး သိက္ခာချတဲ့နည်းတွေထဲမှာ နာရေးအသုဘကိုတောင် ချမ်းသာမပေးဘဲ နိုင်ငံရေးအမြတ်ထုတ်ကြတာကတော့ အောက်တန်းကျလွန်းသဗျ။**

စေတနာမဟုတ်တဲ့ ဒေါသဝေဒနာ အစုတ်အပဲ့တွေပဲ ဖြစ်တယ်လို့ ပေါက်စ ပြောရင် မလွန်ပါဘူးခင်ဗျာ။

ရှင်းရှင်းလေးခင်ဗျ။ အခုလိုမျိုး အကျဉ်းထောင်ထဲမှာ အချိန်မှန်စား၊ အချိန်မှန်အိပ်ပြီး စားရေး၊သောက်ရေး၊ နေရေးထိုင်ရေးကအစ ကျန်းမာရေးအထိ ဘာသောကမျှမရှိ ဇိမ်ရှိရှိ နေထိုင်နိုင်ခဲ့ပေမယ့် အကျဉ်းထောင်က လွတ်လာတဲ့အခါမှာ မိသားစုစားဝတ်နေရေးတို့၊ လူမှုရေးတို့၊ စီးပွားရေးပြဿနာတို့စတဲ့ အိမ်ထောင်စု မိသားစုတာဝန်တွေအတွက် ရှာရဖွေရတာတွေ၊ ပြေးလွှားလှုပ်ရှားရတာတွေ၊ ပူပန်သောက ဖြစ်ရတာတွေအပြင် ထောင်ထဲမှာလို အချိန်မှန်မစားနိုင်၊ မအိပ်နိုင်ဘဲ စိတ်ဖိစီးမှုတွေနဲ့ ရှိပြီးသား ရောဂါအခံကို ဒဏ်ခတ်သလို ပြန်ပေါ်လာစေတာမျိုးလည်း ဖြစ်တတ်ပါတယ်ခင်ဗျာ။

ပြောမယ်ဆိုရင် ဦးကြည်တင်ဦးဟာ ၂၀၀၄ ခုနှစ် မတ်လ ၂၆ ရက်နေ့က လွတ်လာပြီးတဲ့ နောက်ပိုင်းမှာ အိပ်ရာထဲ လဲနေတဲ့ရောဂါလည်း မဟုတ်ပါဘူးခင်ဗျာ။ ရန်ကုန်မြို့ထဲမှာရှိတဲ့ သူ့ပတ်ဝန်းကျင် အသိုင်းအဝိုင်းတွေထဲမှာ ကျန်းကျန်းမာမာ သွားလာနေတာ တွေ့နေမြင်နေရသလို (၃၃)လမ်းထဲက လေထန်ကုန်းတို့၊ ကုန်သည်လမ်း စာပေဗိမာန်ရှေ့က လေထန်ကုန်းတို့မှာ သွားထိုင်နေတာတွေလည်း တွေ့နေမြင်နေရတယ်ဗျာ။

သို့သော်လည်းပေါ့ဗျာ။ ဦးကြည်တင်ဦးတို့လို နှလုံး၊ သွေးတိုး၊ ဆီးချိုရောဂါအခံရှိတဲ့သူတွေဟာ အသွားအလာအနေအထိုင်၊ အသောက်အစားတွေကို ကိုယ့်ကျန်းမာရေး အခြေအနေနဲ့အညီ သတိထားပြီး သွားလာနေထိုင် သောက်စားတာမျိုးဖြစ်မှလည်း ရောဂါအခံက သက်သာပျောက်ကင်းနိုင်ပါတယ်ခင်ဗျာ။ အဲ…ကိုယ့်ကျန်းမာရေးနဲ့ ကိုယ့်ရောဂါအခံကို သတိမထားဘဲ သွားဟဲ့၊ လာဟဲ့၊ စားဟဲ့ ဆိုရင်တော့ ရှိပြီးရောဂါအခံအပြင် အဲဒီရောဂါနဲ့ နီးစပ်ရာ အပေါင်းအသင်း၊ ရောင်းရင်းမိတ်ဆွေ၊ ရောဂါ အထွေထွေက တစ်လှေကြီး ဝင်လာတတ်တယ်လို့ သွားလေသူ ပေါက်စရဲ့ဘကြီး ဗိန္ဒောဆရာကြီးက ပြောဖူးဆိုဖူးခဲ့တယ်ဗျာ။

အဲ…အဲ အခုလိုတွေ ပေါက်စ အရစ်ရှည် ပေများစွာနဲ့ ဓမ္မကထိကယောင်ယောင်၊ ဗိန္ဒောဆရာယောင်ယောင်၊ တရားတွေဟော၊ စကားတွေပြောပြောပြီး AAPP ဂိုဏ်းနဲ့ BBC တို့ရဲ့ ဗျူးခန်းက စူးစမ်းဆင်ခြင်မှုမရှိဘဲ အရူးအနှမ်းအမြင်တွေနဲ့ လုပ်ကြံဖန်တီး ထုတ်လွှင့်ခဲ့တဲ့ အတင်းအဖျင်း အထုပ်အစုတ်ကို အလုပ်တစ်ခုလို ရှင်းနေ၊ လင်းနေရတဲ့အတွက် ကိုယ့်ကိုယ်ကိုယ် ပြန်ပြန်သနားသလို ဖြစ်မိသဗျ။

ကဲ… လိုရင်းသဘော ပြောပါ့မယ်ခင်ဗျ။ ဦးကြည်တင်ဦး သေဆုံးတာဟာ နိုင်ငံတော်အစိုးရနဲ့ ဘာကမျှ မပတ်သက်၊ မဆက်နွှယ်ပါဘူးခင်ဗျာ။ BBC တို့ VOA တို့နဲ့ AAPP တို့ ထုတ်လွှင့်ကြေညာ ပုတ်ခတ်စွပ်စွဲလာသလို အကျဉ်းထောင်ထဲက စွဲကပ်ပါလာတဲ့ ရောဂါနဲ့ သေဆုံးတာ မဟုတ်ဘဲ မူလပကတိ ရှိရင်းစွဲရောဂါနဲ့ သေဆုံးတာ ဖြစ်ပါတယ်ခင်ဗျာ။ ဖြစ်စဉ်အမှန်က ဦးကြည်တင်ဦးဟာ မတ်လ ၂၆ ရက်နေ့မှာ ထောင်ကလွတ်လာပြီးတဲ့နောက် လေးလအတွင်း သွားသွားလာလာ၊ နေရင်းထိုင်ရင်းနဲ့ ဇူလိုင်လ ၁၈ ရက်နေ့မှာ လေဖြတ်သွားတဲ့အတွက် ဆေးရုံတက်ခဲ့သဗျ။ ဆေးရုံက ဆရာဝန်များ၊ သမားတော်များရဲ့ စမ်းသပ်စစ်ဆေးမှုအရ ဦးကြည်တင်ဦးဟာ မူလရှိရင်းစွဲ သွေးတိုးရောဂါအပြင် ဆီးချိုရောဂါ၊ နှလုံးသွေးကြောကျဉ်း ရောဂါတွေပါ ဆင့်ပွားဖြစ်နေတာကို တွေ့ရတယ်ဗျာ။ အဲ…ဇူလိုင်လ ၂၄ ရက်နေ့မှာ ဦးကြည်တင်ဦးဟာ နှလုံးသွေးကြောပိတ်ရာက သေဆုံးသွားတာ ဖြစ်ပါတယ်ခင်ဗျာ။

ပေါက်စ အထူးအထွေ ပေရှည်ဖို့ မလိုအောင် ရှင်းလောက်၊ လင်းလောက်ပြီဖြစ်တဲ့အတွက် စကားတစ်ထောက်နားပြီး နိဂုံးကမ္ပတ် အဆုံးသတ်ပါတော့မယ်ခင်ဗျာ။ အခုလိုတွေ ညစ်ပေပေစိတ်ထားနဲ့ အဘိဓ္ဈာပွားပြီး သိက္ခာတရားဆိုတာ ချို့နဲ့လားလို့ နားလည်ယဉ်ပါးမှု မရှိတဲ့အထိ အသိမဲ့ကင်း၊ ဖောက်ပြန်ခြင်း အစုံစုံကို ဂုဏ်ယူစွာ ကျူးလွန်နေကြတဲ့ AAPP က ပြည်ပြေးများနဲ့အတူ မြန်မာနိုင်ငံနဲ့ မြန်မာအစိုးရကို လုပ်ကြံပုတ်ခတ်တဲ့ အတင်းအဖျင်း အထုပ်အစုတ်မှန်သမျှ ဘာတစ်ခုမျှ မကျန်ရအောင် ကန်ထရိုက်လိုင်စင်ဆွဲပြီး ထုတ်လွှင့်ပေးနေတဲ့ BBC နဲ့ VOA တို့ဟာ ဦးကြည်တင်ဦးရဲ့ နာရေးအသုဘကိုတောင် မရှောင်တော့ဘဲ အမြတ်ထုတ်လုပ်စားဖို့ ကြံဖန်လာတာမျိုးကတော့ **လိပ်ဖြစ်ရင်တောင် ခေါင်းမပြူဝံ့ပါဗျာ** ဆိုတဲ့စကားနဲ့ ပေါက်စ အပါအဝင် မြန်မာပြည်သူ ခုနစ်ရက်သားသမီးများ အပေါင်းက ကောင်းချီးသြဘာပေးလို့ ဝေးဝေးရှောင်ကြမယ့်အကြောင်း စလောင်းမကူဘဲ မောင်းတဒူဒူ ခတ်ပြီး ကြေညာအပ်ပါတယ်ခင်ဗျား။ ။

နိဗ္ဗာန်ရောက်ကြောင်းတရား ဟောကြားမည်

ရန်ကုန် ဩဂုတ် ၁၁

ရန်ကုန်တိုင်း တာမွေမြို့နယ် ဆရာစံတောင်စံပြရပ်ကွက် သာသနာ့ရေ့ဆောင်ဓမ္မာရုံတွင် ဩဂုတ် ၁၅ ရက် (တနင်္ဂနွေနေ့) မွန်းလွဲ ၁ နာရီ၌ (မုဒ္ဒ) ဘဒ္ဒန္တ ကုသလာနန္ဒ (ဓမ္မာစရိယ–ကမ္မဋ္ဌာနာစရိယ၊ ရန်ကုန်မြို့ မဟာစည်သာသနာ့ရိပ်သာ အမှတ်(၁၆) သာသနာ့ရိပ်သာလမ်း ဗဟန်းမြို့နယ် ရန်ကုန်တိုင်း)က မဟာသတိပဋ္ဌာန် ဝိပဿနာ နိဗ္ဗာန်ရောက်ကြောင်း တရားတော်များကို ဟောကြားချီးမြှင့်မည်ဖြစ်ကြောင်း သိရသည်။

(က–ပ)

သန့်ရှင်းရေးနှင့် ပန်းအလှပင်စိုက်ပျိုး

ရန်ကုန် ဩဂုတ် ၁၁

ချီဖွေမြို့နယ် စည်ပင်သာယာရေးအဖွဲ့သည် ဇူလိုင် ၁၈ ရက်က ရုံးအတွင်း ရာသီပန်း စိုက်ပျိုးခြင်း၊ မြေဆွေးမြေဩဇာထည့်ခြင်းလုပ်ငန်းများနှင့် ရုံးတွင်း၊ ရုံးပြင် သန့်ရှင်းရေးလုပ်ငန်းများ စုပေါင်းဆောင်ရွက်ကြရာ အငယ်တန်းအင်ဂျင်နီယာ(၃) ဦးယဉ်မင်းကျော်နှင့် ဝန်ထမ်းများက စုပေါင်းဆောင်ရွက်ကြကြောင်း သိရသည်။

(မြို့နယ်စည်ပင်)

မြဝတီရုပ်မြင်သံကြားအစီအစဉ်

၁၂–၈–၂၀၀၄ (ကြာသပတေးနေ့)

နံနက်ပိုင်း

၇:၀၀	၁။ မြဝတီအဖွင့်
၇:၀၅	၂။ အဖွင့်သီချင်း
၇:၁၀	၃။ မျိုးချစ်တပ်မတော်
၇:၂၀	၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇:၃၀	၅။ မြန်မာသံစဉ်ချိုနှားဝင်
၇:၄၀	၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
၇:၅၅	၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈:၀၀	၈။ မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀	၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈:၁၅	၁၀။ အပိတ်နှုတ်ဆက်စကား
၈:၁၆	၁၁။ ပြီးပါပြီ။

ညပိုင်း

၄:၀၀	၁။ မြဝတီအဖွင့်
၄:၀၅	၂။ အဖွင့်သီချင်း
၄:၁၀	၃။ မျိုးချစ်တပ်မတော်
၄:၂၀	၄။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၄:၂၅	၅။ မြန်မာသံစဉ်ချိုနှားဝင်
၄:၃၅	၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
၄:၄၅	၇။ ရွှင်ကြည်ပြုံးစရာ တေးကဗျာ
၄:၅၅	၈။ မျိုးချစ်တပ်မတော်
၅:၀၅	၉။ **အဝေးသင်ပညာရေးပို့ချမှု အစီအစဉ်** -Mocroeconomics Polioy Objectives and Instruments (ဒုတိယနှစ် စီးပွားရေး၊ ပြည်သူ့ရေးရာ)
၅:၄၅	၁၀။ သာယာသီကြွေးခေတ်ဆန်းတေး
၆:၀၀	၁၁။ မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀	၁၂။ နိုင်ငံတကာသတင်း
၆:၂၀	၁၃။ မိုးလေဝသသတင်း
၆:၂၅	၁၄။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၆:၃၀	၁၅။ မြန်မာ့ရှုခင်း
၆:၄၀	၁၆။ လျှပ်တစ်ပြက်ရိုက်ချက်
၇:၀၀	၁၇။ **ရသစုံလင် ရုပ်မြင်ဇာတ်လမ်း "အသည်းစိမ်းသလားကွယ် ပွဲသိမ်းကစားမယ်" (အပိုင်း–၁၆) ဇာတ်သိမ်းပိုင်း**
၈:၀၀	၁၈။ မြဝတီရုပ်မြင်သံကြားသတင်း
	၁၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
	၂၀။ လျှပ်တစ်ပြက်ရိုက်ချက်
	၂၁။ တိုင်းကျိုးပြည်ပြုတည်ထောင်မှု
	၂၂။ ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင်
	၂၃။ **ရသစုံလင် ရုပ်မြင်ဇာတ်လမ်း "မိုးကြိုးကွန်ရက်နှင့် လျှပ်စီးဓား" (ဒုတိယတွဲ) (အပိုင်း–၆)**
	၂၄။ သင့်အတွက်မနက်ဖြန်
	၂၅။ အပိတ်နှုတ်ဆက်စကား
	၂၆။ ပြီးပါပြီ။

စမ်းချောင်းလမ်း ၁၀ ရက် တရားစခန်းဖွင့်မည်

ရန်ကုန် ဩဂုတ် ၁၁

ကျေးဇူးရှင် လယ်တီဆရာတော်ကြီး၏တပည့် အနာဂါမ်ဆရာသက်ကြီး၏ ကိုယ်တွေ့ဉာဏ်မြင် သမထဝိပဿနာ အလုပ်ပေးတရားတော်ကို ကမ္မဋ္ဌာန်းနည်းပြဆရာ ဦးကျော်နိုင်ထွန်းက ဩဂုတ် ၁၅ ရက်မှ ၂၄ ရက် (ဒုတိယဝါဆို လကွယ်မှ ဝါခေါင်လဆန်း ၉ ရက်)ထိ နေ့စဉ် မွန်းတည့် ၁၂ နာရီမှ ညနေ ၅ နာရီထိ စမ်းချောင်းမြို့နယ် စမ်းချောင်းလမ်း အမှတ်(၂၉) ဒုတိယလွှာတွင် ဓမ္မဒါနပြုမည်ဖြစ်သည်။

(က–ပ)

ရောဝတီ–ကျောက်ဖယား–မဲခေါင် လေးနိုင်ငံစီးပွားရေးပူးပေါင်းဆောင်ရွက်ရေးနှင့်စပ်လျဉ်း၍ နှစ်နိုင်ငံ အကောင်အထည်ဖော်မှု အားရကျေနပ်

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်

✪ ကျောဖုံးမှ

လာအိုပြည်သူ့ဒီမိုကရက်တစ် သမ္မတနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံ သံအမတ်ကြီး ဦးတင်ဦးနှင့် ဇနီး ဒေါ်သီတာဌေး၊ စစ်သံမှူးဗိုလ်မှူးကြီးလှမြင့်နှင့် ဇနီး ဒေါ်သီဂိစိုး၊ မြန်မာသံရုံးနှင့် စစ်သံရုံး ဝန်ထမ်းများနှင့် မိသားစုများက ကြိုဆိုကြသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် မြန်မာချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့ဝင်များသည် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး မစ္စတာဆွမ်ဆာဗက် လင်ဆာဗက်နှင့် တာဝန်ရှိသူများလိုက်ပါလျက် အမျိုးသားလွှတ်တော်သို့ရောက်ရှိကြရာ လာအို ပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာဘွန်ညံဗိုရာချစ်က လှိုက်လှဲခင်မင်စွာ ကြိုဆိုနှုတ်ဆက်သည်။

အလေးပြုခြင်းကိုခံယူ

ဆက်လက်၍ ဂုဏ်ပြုကြိုဆိုပွဲ အခမ်းအနားကို အမျိုးသားလွှတ်တော်အဆောက်အအုံရှေ့၌ စတင်ကျင်းပရာ ပြည်ထောင်စု မြန်မာနိုင်ငံတော်–နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် လာအို ပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာဘွန်ညံဗိုရာချစ်တို့သည် ဂုဏ်ပြုတပ်ဖွဲ့၏ အလေးပြုခြင်းကိုခံယူရန် အလေးပြုခံစင်မြင့်သို့ သွားရောက်ကြပြီး ဂုဏ်ပြုတပ်ဖွဲ့၏ အလေးပြုခြင်းကို ခံယူကြသည်။

ထိုအချိန်တွင် နိုင်ငံတော်တီးဝိုင်းက ပြည်ထောင်စုမြန်မာနိုင်ငံတော် သီချင်းနှင့် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံတော် သီချင်းတို့ကို တီးမှုတ်သည်။

ဂုဏ်ပြုတပ်ဖွဲ့စစ်ဆေး

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာဘွန်ညံဗိုရာချစ်တို့သည် ဂုဏ်ပြုတပ်ဖွဲ့ကို စစ်ဆေးကြသည်။

ပြည်ထောင်စုမြန်မာနိုင်ငံတော်–နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ခင်ညွန့်နှင့် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာဘွန်ညံဗိုရာချစ်တို့ အမျိုးသားလွှတ်တော် အဆောက်အအုံရှေ့၌ ကျင်းပသည့် ဂုဏ်ပြုကြိုဆိုပွဲ အခမ်းအနားတွင် ဂုဏ်ပြုတပ်ဖွဲ့ကိုစစ်ဆေးကြစဉ်။ (သတင်းစဉ်)

ပြည်ထောင်စု မြန်မာနိုင်ငံတော်–နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ခင်ညွန့် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာဘွန်ညံဗိုရာချစ်အား မြန်မာချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့ဝင်များနှင့် မိတ်ဆက်ပေးစဉ်။ (သတင်းစဉ်)

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်အား လာအိုပြည်သူ့ဒီမိုကရက်တစ် သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာဘွန်ညံဗိုရာချစ်က ၎င်းနှင့်အတူ ကြိုဆိုနှုတ်ဆက်ကြသည့် ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး မစ္စတာဆွမ်ဆာဗက် လင်ဆာဗက်နှင့် ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ တပ်မတော်နှင့် ရဲအရာရှိကြီးများ၊ အမျိုးသားလွှတ်တော်အမတ်များ၊ အဆင့်မြင့်အရာရှိများနှင့် မိတ်ဆက်ပေးသည်။

ထို့အတူ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် လာအိုပြည်သူ့ဒီမိုကရက်တစ် သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာဘွန်ညံဗိုရာချစ်အား မြန်မာချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့ဝင်များနှင့် မိတ်ဆက်ပေးပြီး ဂုဏ်ပြုကြိုဆိုပွဲ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ကြိုဆိုနှုတ်ဆက်

ပြည်ထောင်စု မြန်မာနိုင်ငံတော်–နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် ဦးဆောင်သော မြန်မာချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့ဝင်များသည် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး မစ္စတာ ဆွမ်ဆာဗက် လင်ဆာဗက် လိုက်ပါလျက် ညနေ ၆နာရီတွင် အထူးယာဉ်တန်းဖြင့် ဗီယန်ကျင်းမြို့ရှိ ဝန်ကြီးချုပ်ရုံးသို့ရောက်ရှိကြရာ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာဘွန်ညံဗိုရာချစ်က ကြိုဆိုနှုတ်ဆက်သည်။

ဆက်လက်၍ ပြည်ထောင်စု မြန်မာနိုင်ငံတော်နှင့် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ နှစ်နိုင်ငံတွေ့ဆုံဆွေးနွေးပွဲကို ဝန်ကြီးချုပ်ရုံး အစည်းအဝေးခန်းမ၌ ညနေ ၆နာရီ ၁၀မိနစ်တွင်ကျင်းပသည်။

တက်ရောက်

အဆိုပါတွေ့ဆုံဆွေးနွေးပွဲသို့ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့်အတူ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးအောင်ထွေး၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ပြည့်စုံ၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဝင်းအောင်၊ ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးတင်လှိုင်၊ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း၊ ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာနနှင့် ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်း ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော်၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးခင်မောင်ဝင်း၊ လာအိုပြည်သူ့ဒီမိုကရက်တစ် သမ္မတနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံ သံအမတ်ကြီး ဦးတင်ဦး၊ ဝန်ကြီးချုပ်ရုံး ညွှန်ကြားရေးမှူးချုပ် ဦးစိုးတင့်နှင့် ဌာနဆိုင်ရာအကြီးအကဲများ တက်ရောက်ကြပြီး လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ဘွန်ညံဗိုရာချစ်နှင့်အတူ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး မစ္စတာ ဆွမ်ဆာဗက် လင်ဆာဗက်၊ စာမျက်နှာ ၈ ကော်လံ ၁ သို့ ★

ပြည်ထောင်စု မြန်မာနိုင်ငံတော်–နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ခင်ညွန့်အား လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာဘွန်ညံဗိုရာချစ်က အမျိုးသားလွှတ်တော် အဆောက်အအုံရှေ့၌ ကျင်းပသော ဂုဏ်ပြုကြိုဆိုပွဲအခမ်းအနားတွင် ၎င်းနှင့်အတူ ကြိုဆိုနှုတ်ဆက်ကြသည့် ဒုတိယဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များအား မိတ်ဆက်ပေးစဉ်။ (သတင်းစဉ်)

တစ်နိုင်ငံနှင့်တစ်နိုင်ငံ အပြန်အလှန် နားလည်မှုရှိရှိဖြင့် ဆက်လက်ပူးပေါင်း ဆောင်ရွက်သွားရန် အသင့်ရှိ

ပြည်ထောင်စုမြန်မာနိုင်ငံတော်-နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ခင်ညွန့် ဦးဆောင်သော မြန်မာချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များနှင့် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာဘွန်ညံဗိုရာချစ် ဦးဆောင်သောအဖွဲ့တို့ နှစ်နိုင်ငံတွေ့ဆုံဆွေးနွေးပွဲအပြီးတွင် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် လာအိုနိုင်ငံဝန်ကြီးချုပ် မစ္စတာဘွန်ညံဗိုရာချစ်တို့ ရင်းနှီးခင်မင်စွာ မှတ်တမ်းတင် ဓာတ်ပုံရိုက်ကြစဉ်။ (သတင်းစဉ်)

★ စာမျက်နှာ ၇ မှ

ကုန်သွယ်ရေးဝန်ကြီးဌာနဝန်ကြီး မစ္စတာဆိုလီဝုန်ဒါလာဗုန်၊ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး မစ္စတာ ဖန်လွန်ချစ်ဖုံးဆာ၊ ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီး မစ္စတာဆူကြိုင်သာမာချစ်၊ ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး မစ္စတာ ဆွန်ဖုန်မွန်ကူဗီလိုင်၊ အစိုးရအဖွဲ့ရုံးဝန်ကြီး ဒေါက်တာဖန်ခမ်ဗီဖာဝပ်၊ ဒုတိယဝန်ကြီးများ၊ လာအိုပြည်သူ့ ဒီမိုကရက်တစ်သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာချန်သာဗီဘိုဒီဆိန်နှင့် အဆင့်မြင့်အရာရှိကြီးများ တက်ရောက်ကြသည်။

ဖြစ်ထွန်းခိုင်မြဲ

ထိုသို့တွေ့ဆုံစဉ် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က မြန်မာနိုင်ငံနှင့် လာအိုနိုင်ငံတို့သည် အိမ်နီးချင်းနိုင်ငံများ ဖြစ်ရုံသာမက လွန်စွာရင်းနှီးသော ညီအစ်ကိုနိုင်ငံများလည်း ဖြစ်ကြကြောင်း၊ နှစ်နိုင်ငံအကြား ပြဿနာတစ်စုံတစ်ရာမရှိသည့်အပြင် နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှု နယ်ပယ်များမှာ ပိုမိုတိုးပွားလျက်ရှိကြောင်း၊ ၁၉၅၆ခုနှစ်မှစ၍ နှစ်နိုင်ငံအကြား သံတမန်ဆက်သွယ်မှုထူထောင်ခဲ့ပြီးနောက် ယခုအချိန်အခါတွင် မိမိတို့နှစ်နိုင်ငံ၏ ဆက်ဆံရေးမှာ မကြုံစဖူး ထူးထူးကဲကဲ ဖြစ်ထွန်းခိုင်မြဲလျက်ရှိကြောင်း၊ အာဆီယံအဖွဲ့ဝင် နိုင်ငံများအကြား ဖွံ့ဖြိုးမှုကွာဟချက် ကျဉ်းမြောင်းစေရေးအတွက် CLMV နိုင်ငံများအကြား ပူးပေါင်းဆောင်ရွက်မှုများနှင့် စပ်လျဉ်း၍လည်းကောင်း၊ ဧရာဝတီ-ကျောက်ဖယား-မဲခေါင် လေးနိုင်ငံ စီးပွားရေးပူးပေါင်းဆောင်ရွက်ရေး အစီအမံများနှင့်စပ်လျဉ်း၍လည်းကောင်း မိမိတို့နှစ်နိုင်ငံ၏ ပူးပေါင်း အကောင်အထည်ဖော်မှုများအပေါ် အားရကျေနပ်မိပါကြောင်း၊ ဆက်လက် လုပ်ဆောင်ရန်ရှိသည်များကို အချင်းချင်း ပူးပေါင်းဆောင်ရွက်သွားကြရမှာဖြစ်ကြောင်း။

ဒေသအတွင်း တည်ငြိမ်အေးချမ်းရေးနှင့် သာယာဝပြောရေးအတွက် မိမိတို့နှစ်နိုင်ငံချင်းပူးပေါင်း၍ဖြစ်စေ၊ အာဆီယံအဖွဲ့ကြီး၏ မူဘောင်အတွင်းမှဖြစ်စေ တက်တက်ကြွကြွ ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ဝမ်းသာမိ

ဆက်လက်၍ လာအိုနိုင်ငံ ဝန်ကြီးချုပ် မစ္စတာဘွန်ညံဗိုရာချစ်က ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၏ ဦးဆောင်မှုအောက်တွင် မြန်မာနိုင်ငံအစိုးရနှင့်ပြည်သူများသည် တိုင်းရင်းသား စည်းလုံးညီညွတ်ရေး၊ တည်ငြိမ်အေးချမ်းရေးနှင့် တိုင်းပြည် ဖွံ့ဖြိုးတိုးတက်ရေးတို့ကို အရှိန်အဟုန်ဖြင့် ဖော်ဆောင်နိုင်သည့်အတွက် ဝမ်းသာမိကြောင်း။

မိမိတို့ နှစ်နိုင်ငံသည် နှစ်နိုင်ငံချစ်ကြည်ရင်းနှီးရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးတို့အပေါ် တန်ဖိုးထားရာ၌ တူညီကြသည့်အပြင် တစ်နိုင်ငံနှင့်တစ်နိုင်ငံ အပြန်အလှန်နားလည်မှုရှိရှိဖြင့် ဒေသတွင်းမှာရော နိုင်ငံတကာနယ်ပယ်မှာပါ ဆက်လက်ပူးပေါင်း ဆောင်ရွက်သွားရန် အသင့်ရှိပါကြောင်း၊ မိမိတို့နှစ်နိုင်ငံအကြား သံတမန်ဆက်ဆံမှု ထူထောင်ခဲ့သည့် အနှစ်(၅၀)ပြည့်မြောက်မည့် ၂၀၀၅ခုနှစ်တွင် ချစ်ကြည်ရင်းနှီးမှု အထိမ်းအမှတ် အခမ်းအနားကျင်းပသွားလိုကြောင်းဖြင့် ပြန်လည်ပြောကြားပြီး နှစ်နိုင်ငံ နယ်စပ်ကုန်သွယ်မှု မြှင့်တင်ရေး၊ မဲခေါင်မြစ်ကူး ချစ်ကြည်ရေးတံတားတည်ဆောက်ရေး၊ မူးယစ်ဆေးဝါး ပူးပေါင်းတိုက်ဖျက်ရေး စသည့် ကိစ္စရပ်များကို ဆွေးနွေးသည်။

မှတ်တမ်းတင်ဓာတ်ပုံရိုက်

တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် လာအိုနိုင်ငံ ဝန်ကြီးချုပ် မစ္စတာဘွန်ညံဗိုရာချစ်တို့သည် မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ထို့မှတစ်ဆင့် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် ခေတ္တတည်းခိုမည့် ဗီယန်ကျင်းမြို့ရှိ Lao Plaza Hotel သို့ ရောက်ရှိကြသည်။

အမှတ်တရလက်ဆောင်ပေးအပ်

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် လာအိုပြည်သူ့ဒီမိုကရက်တစ် သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ဘွန်ညံဗိုရာချစ်တို့သည် ည ဧနာရီတွင် Lao Plaza Hotel ဧည့်ခန်းမ၌ ခင်မင်ရင်းနှီးစွာတွေ့ဆုံကြပြီးနောက် အမှတ်တရလက်ဆောင်ပစ္စည်း အပြန်အလှန် ပေးအပ်ကြသည်။

ဂုဏ်ပြုညစာစားပွဲတည်ခင်း

ထို့နောက် ပြည်ထောင်စု မြန်မာ နိုင်ငံတော် - နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် **စာမျက်နှာ ၁၀ ကော်လံ ၁ သို့ ❍**



ကြိုဆိုနှုတ်ဆက်

ပြည်ထောင်စုမြန်မာနိုင်ငံတော်-နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် ဦးဆောင်သော မြန်မာချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့ဝင်များ နှစ်နိုင်ငံတွေ့ဆုံ ဆွေးနွေးပွဲကျင်းပမည့် ဝန်ကြီးချုပ်ရုံးသို့ ရောက်ရှိလာရာ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်အား လာအိုပြည်သူ့ ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာဘွန်ညံဗိုရာချစ်က ကြိုဆိုနှုတ်ဆက်စဉ်။ (သတင်းစဉ်)

ပြည်ထောင်စုမြန်မာနိုင်ငံတော်-နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် ဦးဆောင်သော မြန်မာချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့ဝင်များနှင့် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ဘွန်ညံဗိုရာချစ် ဦးဆောင်သောအဖွဲ့တို့ နှစ်နိုင်ငံ တွေ့ဆုံဆွေးနွေးပွဲကို ဝန်ကြီးချုပ်ရုံး အစည်းအဝေးခန်းမ၌ ကျင်းပစဉ်။ (သတင်းစဉ်)

နှစ်နိုင်ငံ သံတမန်ဆက်ဆံမှု ထူထောင်ခဲ့သည့် နှစ် ၅၀ပြည့်မြောက်မည့် ၂၀၀၅ခုနှစ်တွင် ချစ်ကြည်ရင်းနှီးမှု အထိမ်းအမှတ် အခမ်းအနားကျင်းပလို

လာအိုနိုင်ငံဝန်ကြီးချုပ် မစ္စတာ ဘွန်ညံဗိုရာချစ်

ပြည်ထောင်စုမြန်မာနိုင်ငံတော် – နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်
ခင်ညွန့်နှင့် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဝန်ကြီး
မစ္စတာဘွန်ညံဗိုရာချစ်တို့ အမျိုးသားလွှတ်တော် အဆောက်အအုံ
ကျင်းပသော ဂုဏ်ပြုကြိုဆိုပွဲအခမ်းအနားတွင် ဂုဏ်ပြုတပ်ဖွဲ့၏ အလေ
ခြင်းကို ခံယူစဉ်။ (သတင်းစ

ပြည်ထောင်စုမြန်မာနိုင်ငံတော်–နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်
ခင်ညွန့် ဦးဆောင်သော မြန်မာချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များ
လာအိုပြည်သူ့ ဒီမိုကရက်တစ် သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ဘွန်
ဗိုရာချစ် တည်ခင်းဧည့်ခံသော ဂုဏ်ပြုညစာစားပွဲတွင် လာအိုယဉ်ကျေ
အဖွဲ့ဝင်များက တိုင်းရင်းသားရိုးရာအကများဖြင့် ဧည့်ခံဖျော်ဖြေကြ
(သတင်းစ

ပြည်ထောင်စုမြန်မာနိုင်ငံတော် – နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာဘွန်ညံဗိုရာချစ်တို့ **Lao Plaza Hotel**ဧည့်ခန်းမ၌ ခင်မင်ရင်းနှီးစွာ တွေ့ဆုံကြပြီးနောက် အမှတ်တရလက်ဆောင်ပစ္စည်းများ အပြန်အလှန် ပေးအပ်ကြစဉ်။ (သတင်းစဉ်)

အမှတ်တရ ဓာတ်ပုံရိုက်

ပြည်ထောင်စုမြန်မာနိုင်ငံတော်–နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် ဦးဆေ
သော မြန်မာချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့ဝင်များနှင့် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္
နိုင်ငံ ဝန်ကြီးချုပ် မစ္စတာဘွန်ညံဗိုရာချစ်နှင့် အဖွဲ့ဝင်များ ဂုဏ်ပြုညစာစားပွဲအပြီးတွင် လာ
ယဉ်ကျေးမှုအဖွဲ့ဝင်များနှင့်အတူ အမှတ်တရဓာတ်ပုံရိုက်ကြစဉ်။ (သတင်းစ

❍ စာမျက်နှာ ၈ မှ

အဖွဲ့ဝင်များအား လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ဘွန်ညံဗိုရာချစ်က ည ၈ နာရီခွဲတွင် Lao Plaza Hotel ခန်းမ၌ ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံသည်။

တက်ရောက်

ဂုဏ်ပြုညစာစားပွဲသို့ နိုင်ငံတော်ဝန်ကြီးချုပ်ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အတူ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီး အောင်ထွေး၊ အစိုးရအဖွဲ့ -အဖွဲ့ဝင်ဝန်ကြီးများ၊ နိုင်ငံခြားရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး၊ မြန်မာနိုင်ငံ သံအမတ်ကြီးနှင့် ဌာနဆိုင်ရာ အကြီးအကဲများ တက်ရောက်ကြပြီး လာအိုနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ဘွန်ညံဗိုရာချစ်နှင့်အတူ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး မစ္စတာဆွမ်ဆာဗက်လင်ဆာဗက်၊ဝန်ကြီးများ၊ဒုတိယဝန်ကြီးများ၊ လွှတ်တော်အမတ်များနှင့် အဆင့်မြင့်အရာရှိကြီးများ တက်ရောက်ကြသည်။

ယင်းနောက် လာအိုနိုင်ငံဝန်ကြီးချုပ် မစ္စတာဘွန်ညံဗိုရာချစ်နှင့် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်တို့သည် နှုတ်ခွန်းဆက် ဆုတောင်းစကားများ အသီးသီး ပြောကြားကြသည်။

လာရောက် တွေ့ဆုံ

ပြည်ထောင်စု မြန်မာနိုင်ငံတော်- နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ခင်ညွန့်အား လာအိုပြည်သူ့ ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ဘွန်ညံဗိုရာချစ်က ဩဂုတ် ၁၀ ရက်တွင် Lao Plaza Hotel **ဧည့်ခန်းမသို့ လာရောက်တွေ့ဆုံ နှုတ်ဆက်စဉ်။**

(သတင်းစဉ်)

နှုတ်ခွန်းဆက်

မြန်မာချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့အား တည်ခင်းဧည့်ခံသော ဂုဏ်ပြု ညစာ စားပွဲတွင် ပြည်ထောင်စု မြန်မာနိုင်ငံတော်- နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ခင်ညွန့် နှုတ်ခွန်းဆက် ဆုတောင်း စကား ပြောကြားစဉ်။

(သတင်းစဉ်)

ဂုဏ်ပြုညစာသုံးဆောင်နေစဉ်အတွင်း လာအိုယဉ်ကျေးမှုအဖွဲ့ဝင်များက တေးသံသာများဖြင့် လည်းကောင်း၊ တိုင်းရင်းသားရိုးရာအကများဖြင့်လည်းကောင်း ဧည့်ခံဖျော်ဖြေကြသည်။

ထို့နောက်နှစ်နိုင်ငံဝန်ကြီးချုပ်များသည် ယဉ်ကျေးမှုအဖွဲ့ဝင်များအား ဂုဏ်ပြုပန်းခြင်းများ ပေးအပ်ကြသည်။

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် ဩဂုတ်၁၀ရက် နံနက်ပိုင်းက Lao Plaza Hotel ခန်းမ၌ မြန်မာနိုင်ငံ သံရုံးနှင့် စစ်သံရုံးတို့မှ ဝန်ထမ်းများနှင့်တွေ့ဆုံ၍ လုပ်ငန်းဆိုင်ရာကိစ္စရပ်များ မှာကြားသည်။

တွေ့ဆုံနှုတ်ဆက်

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်အား လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ဘွန်ညံဗိုရာချစ်က ဩဂုတ်၁၀ရက် နံနက်၇နာရီ၄၅မိနစ်တွင် Lao Plaza Hotelဧည့်ခန်းမသို့ လာရောက်တွေ့ဆုံ နှုတ်ဆက်သည်။

ပြည်ထောင်စု မြန်မာနိုင်ငံတော်- နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ခင်ညွန့် လာအိုပြည်သူ့ဒီမိုကရက်တစ် သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ဘွန်ညံဗိုရာချစ် တည်ခင်းဧည့်ခံသည့် ဂုဏ်ပြုညစာစားပွဲတွင် လာအို ယဉ်ကျေးမှုအဖွဲ့ဝင်များအား ဂုဏ်ပြုပန်းခြင်းပေးအပ်စဉ်။

(သတင်းစဉ်)

ပြည်ထောင်စုမြန်မာနိုင်ငံတော်- နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ခင်ညွန့်နှင့် အဖွဲ့ဝင်များ ကမ္ဘောဒီးယားနိုင်ငံဖနောင်ပင်မြို့သို့ ထွက်ခွာရာ လာအိုပြည်သူ့ဒီမိုကရက်တစ် သမ္မတနိုင်ငံ ဗီယန်ကျင်းမြို့ ဝပ်တေး အပြည်ပြည်ဆိုင်ရာ လေဆိပ်တွင် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတ နိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြား ရေးဝန်ကြီးဌာန ဝန်ကြီး မစ္စတာ ဆွမ်ဆာဗက်လင်ဆာဗက်နှင့် အဖွဲ့ဝင်များက ပို့ဆောင် နှုတ်ဆက်ကြစဉ်။

(သတင်းစဉ်)

ယင်းနောက် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံဝန်ကြီးချုပ် မစ္စတာ ဘွန်ညံဗိုရာချစ်က နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်အား ခရီးစဉ် မှတ်တမ်းဓာတ်ပုံအယ်လ်ဘမ်ကို လက်ဆောင်အဖြစ် ပေးအပ်သည်။

တွေ့ဆုံနှုတ်ဆက်ပွဲသို့ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့်အတူ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးအောင်ထွေး၊ အစိုးရအဖွဲ့ -အဖွဲ့ဝင်ဝန်ကြီးများ၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး၊ မြန်မာနိုင်ငံသံအမတ်ကြီးနှင့် ဌာနဆိုင်ရာ အကြီးအကဲများလည်း တက်ရောက်ကြသည်။

ပြည်ထောင်စု မြန်မာနိုင်ငံတော် - နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ခင်ညွန့်နှင့် ကိုယ်စားလှယ်အဖွဲ့ဝင်များသည် ကမ္ဘောဒီးယားနိုင်ငံ ဖနောင်ပင်မြို့သို့ ထွက်ခွာရန် ဒေသစံတော်ချိန် နံနက်၉နာရီတွင် လာအိုပြည်သူ့ဒီမိုကရက်တစ် သမ္မတနိုင်ငံ ဗီယန်ကျင်းမြို့ ဝပ်တေးအပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိကြရာ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး မစ္စတာဆွမ်ဆာဗက်လင်ဆာဗက်၊ မြန်မာနိုင်ငံဆိုင်ရာ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံသံအမတ်ကြီးမစ္စတာချန်သာဗီဘိုဒီဆိန်နှင့် တာဝန်ရှိသူများ၊ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံ သံအမတ်ကြီး ဦးတင်ဦးနှင့်ဇနီး ဒေါ်သီတာဌွေး၊ စစ်သံမှူး ဗိုလ်မှူးကြီးလှမြင့်နှင့်ဇနီး ဒေါ်သီဂီစိုး၊ မြန်မာသံရုံးနှင့် စစ်သံရုံးဝန်ထမ်းများနှင့် မိသားစုများက လိုက်ပါပို့ဆောင်နှုတ်ဆက်ကြသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် အပြည်ပြည်ဆိုင်ရာ မြန်မာလေကြောင်းအထူးလေယာဉ်ဖြင့် ကမ္ဘောဒီးယားနိုင်ငံသို့ ဆက်လက်ထွက်ခွာသွားကြသည်။ (သတင်းစဉ်)

သဘာဝဓာတ်ငွေ့သုံး မော်တော်ယာဉ်များ ၁၉၈၆ခုနှစ်မှစ၍ လက်ရှိအချိန်အထိ ဘေးကင်းစွာပြေးဆွဲနေ ယာဉ်ပိုင်ရှင်များကိုယ်တိုင် လိုလိုလားလားဖြင့် နှစ်ခြိုက်စွာ လက်ခံအသုံးပြုသွားလိုကြောင်း သိရ မော်တော်ယာဉ်များကို သဘာဝဓာတ်ငွေ့ဖြင့် တစ်ဆင့်ပြီးတစ်ဆင့် စီးရေတိုးမြှင့်တပ်ဆင်ပေးသွားမည်

အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း ဓာတ်ငွေ့သုံး မော်တော်ယာဉ်သရုပ်ပြပွဲ တက်ရောက်

ရန်ကုန် ဩဂုတ် ၁၁

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းသည် ယနေ့မွန်းလွဲပိုင်းတွင် စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည့် စက်မောင်းဆီသုံးစွဲသော မော်တော်ယာဉ်များကို သဘာဝဓာတ်ငွေ့ (Compressed Natural Gas) ဖြင့် အစားထိုးမောင်းနှင်သုံးစွဲမည့် သရုပ်ပြရှင်းလင်းပွဲ အခမ်းအနားသို့ တက်ရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ မှာကြားသည်။

တက်ရောက်

အခမ်းအနားသို့ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးတင်အေး၊ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ၊ အစိုးရအဖွဲ့-အဖွဲ့ဝင်ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများနှင့် ဌာနဆိုင်ရာ အကြီးအကဲများ တက်ရောက်ကြသည်။

ရှေးဦးစွာ စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီက စက်မောင်းဆီသုံးစွဲနေသော မော်တော်ယာဉ်များကို သဘာဝဓာတ်ငွေ့သုံး မော်တော်ယာဉ်များအဖြစ် ပြောင်းလဲတပ်ဆင်ရေးစီမံချက်နှင့် စပ်လျဉ်းသည့် ရည်ရွယ်ချက်များ၊ ခန့်မှန်းကုန်ကျစရိတ်များ၊ သဘာဝဓာတ်ငွေ့သုံးစွဲမှု အခြေအနေ၊ ပြောင်းလဲတပ်ဆင်မည့် ယာဉ်အမျိုးအစားများ၊ ယင်းသို့ပြောင်းလဲတပ်ဆင်သဖြင့် ရရှိလာမည့် အကျိုးကျေးဇူးများနှင့် စပ်လျဉ်း၍ အသေးစိတ်ရှင်းလင်းတင်ပြသည်။

ထို့နောက် မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး (ကမ်းလွန်) ဦးမြင့်ဌေးက သဘာဝဓာတ်ငွေ့သုံး မော်တော်ယာဉ်၏ နည်းပညာဆိုင်ရာ အချက်အလက်များ၊ သဘာဝဓာတ်ငွေ့ အရောင်းဆိုင်များနှင့် ပတ်သက်သည့် အချက်အလက်များကို ရှင်းလင်းတင်ပြသည်။

ဆလင်ဒါအိုး

ဆက်လက်၍ အမှတ်(၂)စက်မှုဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စောလွင်က သဘာဝဓာတ်ငွေ့သုံး မော်တော်ယာဉ်များတွင် တပ်ဆင်ရန်လိုအပ်မည့် ဆလင်ဒါအိုးများ ထုတ်လုပ်ပေးနိုင်မည့် အခြေအနေကို ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြချက်များနှင့် စပ်လျဉ်း၍ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁)နှင့် အစည်းအဝေး တက်ရောက်လာသူများက ဖြည့်စွက်ဆွေးနွေးကြသည်။

ယင်းနောက် အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းက သဘာဝဓာတ်ငွေ့သုံး မော်တော်ယာဉ်များ ပြောင်းလဲတပ်ဆင်ရေးနှင့်စပ်လျဉ်း၍သက်ဆိုင်ရာ ဝန်ကြီးဌာနများအချင်းချင်း ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်သွားကြရန် မှာကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အခမ်းအနားအပြီးတွင် အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းနှင့် အဖွဲ့ဝင်များသည် သဘာဝဓာတ်ငွေ့သုံး မော်တော်ယာဉ်များ လက်တွေ့ပြောင်းလဲတပ်ဆင်ထားမှုအခြေအနေကို ကြည့်ရှုစစ်ဆေးကြသည်။

အဆိုပါ သဘာဝဓာတ်ငွေ့သုံး မော်တော်ယာဉ်များကို ၁၉၈၆ခုနှစ်မှစ၍ စွမ်းအင်ဝန်ကြီးဌာနက စမ်းသပ်တီထွင်သုံးစွဲခဲ့ရာ လက်ရှိအချိန်အထိ ဘေးအန္တရာယ်ကင်းရှင်းစွာဖြင့် ပြေးဆွဲလျက်ရှိသည်။ ယာဉ်ပိုင်ရှင်များကိုယ်တိုင် လိုလိုလားလားဖြင့် နှစ်ခြိုက်စွာလက်ခံအသုံးပြုသွားလိုကြောင်း သိရှိရသဖြင့် မော်တော်ယာဉ်များကို သဘာဝဓာတ်ငွေ့ဖြင့် တစ်ဆင့်ပြီးတစ်ဆင့် စီးရေအားတိုးမြှင့်တပ်ဆင်ဆောင်ရွက်ပေးသွားမည်ဖြစ်သည်။

အကျိုးကျေးဇူး

သဘာဝဓာတ်ငွေ့ (Compressed Natural Gas) သုံး မော်တော်ယာဉ်များကို သုံးစွဲခြင်းဖြင့် စက်မောင်းဆီများ ချွေတာနိုင်ခြင်း၊ ပြည်တွင်းမှထွက်ရှိသော သဘာဝဓာတ်ငွေ့ကို အကျိုးရှိစွာအသုံးချနိုင်ခြင်း၊ သဘာဝပတ်ဝန်းကျင် ညစ်ညမ်းမှုမရှိခြင်း၊ ခရီးသည်နှင့် ကုန်စည်စီးဆင်းမှု ပိုမိုမြန်ဆန်သွက်လက်လာနိုင်ခြင်း၊ တိုးတက်ပြောင်းလဲလျက်ရှိသော ခေတ်မီနည်းပညာများနှင့်အညီ လိုက်လျောညီထွေ ဆောင်ရွက်နိုင်ခြင်း စသည့် အကျိုးကျေးဇူးများ ရရှိနိုင်မည်ဖြစ်ကြောင်း သိရသည်။ (သတင်းစဉ်)

စက်မောင်းဆီသုံးစွဲသော မော်တော်ယာဉ်များကို သဘာဝဓာတ်ငွေ့ (Compressed Natural Gas) ဖြင့် အစားထိုးမောင်းနှင်သုံးစွဲမည့်သရုပ်ပြရှင်းလင်းပွဲအခမ်းအနားတွင် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းအား သဘာဝဓာတ်ငွေ့သုံး မော်တော်ယာဉ်များ ပြောင်းလဲတပ်ဆင်ရေးနှင့်စပ်လျဉ်း၍ စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီ ရှင်းလင်းတင်ပြစဉ်။ (စွမ်းအင်)

ကြည့်ရှုစစ်ဆေး

စက်မောင်းဆီသုံးစွဲသော မော်တော်ယာဉ်များကို သဘာဝဓာတ်ငွေ့ (Compressed Natural Gas) ဖြင့် အစားထိုး မောင်းနှင်သုံးစွဲမည့် သရုပ်ပြရှင်းလင်းပွဲ အခမ်းအနားတွင် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းနှင့် အဖွဲ့ဝင်များ သဘာဝဓာတ်ငွေ့သုံး မော်တော်ယာဉ်များ ပြောင်းလဲတပ်ဆင်ရာတွင် အသုံးပြုမည့် စက်ပစ္စည်းကိရိယာများကို ကြည့်ရှုစစ်ဆေးစဉ်။ (စွမ်းအင်)

သဘာဝဓာတ်ငွေ့ (Compressed Natural Gas) သုံး မော်တော်ယာဉ်များကို သုံးစွဲခြင်းဖြင့် စက်မောင်းဆီများ ချွေတာနိုင်ခြင်း၊ ပြည်တွင်းမှ ထွက်ရှိသော သဘာဝဓာတ်ငွေ့ကို အကျိုးရှိစွာ အသုံးချနိုင်ခြင်း၊ သဘာဝပတ်ဝန်းကျင် ညစ်ညမ်းမှု မရှိခြင်း၊ ခရီးသည်နှင့် ကုန်စည်စီးဆင်းမှု ပိုမိုမြန်ဆန်သွက်လက်လာနိုင်ခြင်း၊ တိုးတက်ပြောင်းလဲလျက်ရှိသော ခေတ်မီနည်းပညာများနှင့်အညီ လိုက်လျောညီထွေ ဆောင်ရွက်နိုင်ခြင်း စသည့် အကျိုးကျေးဇူးများ ရရှိနိုင်မည် ဖြစ်။

ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီ ချောက်ရေနံမြေ စစ်ဆေး ရွှန်တောင် ရေနံအစမ်းတွင်း တူးဖော်နေမှုကြည့်ရှု

ရန်ကုန် ဩဂုတ် ၁၁

စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီသည် တာဝန်ရှိသူများ လိုက်ပါလျက် ယမန်နေ့ နံနက်ပိုင်းက မကွေးတိုင်း ချောက်မြို့နယ် ချောက်ရေနံမြေသို့ သွားရောက်စစ်ဆေးသည်။

ဝန်ကြီးအား ရေနံမြေ ရှင်းလင်းဆောင်၍ ရေနံမြေအထွေထွေ မန်နေဂျာနှင့် တာဝန်ရှိသူများက လက်ရှိထုတ်လုပ်နေမှု၊ ဌာနအသီးသီးအလိုက် လုပ်ငန်းဆောင်ရွက်နေမှုတို့ကို ရှင်းလင်းတင်ပြရာ ဝန်ကြီးက ရေနံမြေ လုံခြုံရေး၊ ငွေကြေးသုံးစွဲမှု စနစ်တကျရှိရေး၊ ရိုးရိုးသားသားဖြင့် ကြိုးစားဆောင်ရွက်ကြရေး မှာကြားပြီး ရေနံနှင့် သဘာဝဓာတ်ငွေ့အထွက်တိုးရေး ရှေ့လုပ်ငန်းစဉ်များ ချမှတ်ပေးသည်။

ထို့နောက် ဝန်ကြီးသည် ချောက်ရေနံမြေ ပစ္စည်းစီမံဌာနသို့ ရောက်ရှိပြီး မြစ်ဖြတ်ပိုက်လိုင်းများတွင် အသုံးပြုရန်အတွက် ၁၀လက်မပိုက်များ ကွန်ကရစ်ဖုံးအုပ်ခြင်းလုပ်ငန်းကို ကြည့်ရှုစစ်ဆေးသည်။ ဆက်လက်၍ ချောက်ရေနံမြေတွင်းသစ်အမှတ် (၁၅၄) သို့ ရောက်ရှိပြီး တွင်းနေရာပြင်ဆင်ခြင်းလုပ်ငန်းကို ကြည့်ရှုစစ်ဆေးကာ ရည်မှန်းအနက်ပေ ၈၀၀၀ကျော်သို့ သတ်မှတ်ရက်အတွင်း အချိန်မီရောက်ရှိရေး၊ သာကြီးတောင်၊ စပယ်၊ အရာတော်ဒေသများတွင် ဆက်စပ်လျက်ရှိသည့် ဘူမိအနေအထားများအား ဆိုက်စမစ်တိုင်းတာခြင်း၊ လေ့လာသုံးသပ်ခြင်းလုပ်ငန်းများကို သေချာအောင် ဆောင်ရွက်ပြီး ရှာဖွေရေးတွင်းများ ဆက်လက်တူးဖော်သွားနိုင်ရေး ဆောင်ရွက်ရမည့်အစီအမံများတို့ကို ချမှတ်ပေးသည်။

ဆက်လက်၍ ဝန်ကြီးသည် အမှတ် (၁) ဓာတ်မြေဩဇာစက်ရုံ(စလေ)သို့ ရောက်ရှိလာရာ စက်ရုံရှင်းလင်းဆောင်၍ မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူးနှင့် တာဝန်ရှိသူများက လက်ရှိဆောင်ရွက်နေမှုအခြေအနေတို့ကို ရှင်းလင်းတင်ပြသည်။ ဝန်ကြီးက စက်ရုံ(က)၏ နှစ်ပတ်လည်ပြုပြင်မွမ်းမံနေခြင်းလုပ်ငန်းကို အချိန်မီပြီးစီးရေး၊ သဘာဝဓာတ်ငွေ့နှင့် လျှပ်စစ်ဓာတ်အားရရှိမှု အခြေအနေတို့ကို ပေါင်းစပ်ညှိနှိုင်းပေးပြီး ထုတ်လုပ်ရမည့် လျာထားချက်များကို သတ်မှတ်ပေးသည်။

ယင်းနေ့ ညနေပိုင်းတွင် ဝန်ကြီးသည် မန္တလေးတိုင်း ကျောက်ပန်းတောင်းမြို့နယ်ရှိ ရွှန်တောင်ဒေသသို့ သွားရောက်၍ မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းနှင့် အကျိုးတူပူးပေါင်းဆောင်ရွက်နေသည့်Chinnery Assests Limited(CAL)မှ စမ်းသပ်တူးဖော်လျက်ရှိသော ရွှန်တောင် ရေနံအစမ်းတွင်း တူးဖော်နေမှုကို ကြည့်ရှုစစ်ဆေးသည်။

ဝန်ကြီးအား တူးဖော်ရေးလုပ်ငန်းခွင်တွင် Chinnery Assests ကုမ္ပဏီ တာဝန်ရှိသူတို့က လက်ရှိတူးဖော်နေမှုအခြေအနေ၊ တူးဖော်နေစဉ် တွေ့ရှိရသည့် သဲကြောများ၏ အလားအလာတို့ကို ရှင်းလင်းတင်ပြကြရာ ဝန်ကြီးက ငွေချို၊ ရွှန်တောင်ဒေသတွင် ရေနံနှင့် သဘာဝဓာတ်ငွေ့ အလားအလာများကို ပိုမိုသေချာစွာ သိရှိနိုင်ရန်အတွက် တွင်းသစ်များ ဆက်လက်ရှာဖွေတူးဖော်သွားနိုင်ရေး၊ တူးဖော်စဉ်အတွင်း Pressureကို အထူးဂရုစိုက်ကြရန်နှင့် ဘေးအန္တရာယ်ကင်းရှင်းရေးတို့အတွက် မှာကြားပြီး တွင်းတူးဖော်ပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

(သတင်းစဉ်)

စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီ မန္တလေးတိုင်း ကျောက်ပန်းတောင်းမြို့နယ်ရှိ ရွှန်တောင် ရေနံအစမ်းတွင်း တူးဖော်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။ (စွမ်းအင်)

ဩဂုတ် ၁၁ရက်က ပညာရေးဝန်ကြီးဌာန ဝန်ကြီး ဦးသန်းအောင်နှင့်အဖွဲ့ဝင်များ ကမာရွတ်မြို့နယ် အမှတ်(၂) အခြေခံပညာမူလတန်းကျောင်း၏ ကျောင်းကျန်းမာရေးသီတင်းပတ် လှုပ်ရှားမှုပြပွဲတွင် ကျောင်းသား၊ ကျောင်းသူကလေးများ ကျန်းမာရေး ဆိုင်ရာများ သရုပ်ဖော်ပြသမှုကို ကြည့်ရှုအားပေးစဉ်။ (သတင်းစဉ်)



ဇဟိုအလုပ်အမှုဆောင် ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့် ကျေးလက်ဖွံ့ဖြိုးရေးစခန်း ဖွင့်ပွဲတက်ရောက်

ရန်ကုန် ဩဂုတ် ၁၁

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်သည် ဩဂုတ် ၈ရက် နံနက် ၉နာရီခွဲတွင် မုံရွာမြို့နယ် ကျောက်ကာတောင်ကျေးရွာ၌ ကျင်းပသည့် ကျေးလက်ဖွံ့ဖြိုးရေး အခြေစိုက်စခန်းနှင့် အမြင်သစ် ကျေးလက်စာကြည့်တိုက် ဖွင့်ပွဲသို့ တက်ရောက်ဖွင့်လှစ် အမှာစကားပြောကြားပြီး ကျေးလက်ဖွံ့ဖြိုးရေး အခြေစိုက်စခန်း၌ ပြည်သူများအားပြသမည့် ရုပ်မြင်သံကြားစက်ဝယ်ယူရန် အလှူငွေနှင့်အားကစား ပစ္စည်းများ၊ ဗလာစာအုပ်၊ ခဲတံများ၊ စာကြည့်တိုက်အတွက် စာအုပ်မျိုးစုံနှင့် မဂ္ဂဇင်းများကို ပေးလှူသည်။

ထိုမှတစ်ဆင့် ဗဟိုအလုပ်အမှုဆောင်သည် ချောင်းဦးမြို့နယ် ခင်မွန်ကျေးရွာသို့ သွားရောက်ပြီး အရှည်ပေ ၁၅၀၀ရှိ ကျေးလက်ဖွံ့ဖြိုးရေးမြေသားလမ်းသစ်ကို ဖွင့်လှစ်ပေးသည်။

ဆက်လက်၍ ခင်မွန်ကျေးရွာ ကျေးလက်ဖွံ့ဖြိုးရေး အခြေစိုက်စခန်းနှင့် လူငယ်အားမာန် ကျေးလက်စာကြည့်တိုက်ကို ဖွင့်လှစ်ပေးပြီး ဒေသခံပြည်သူများအား တွေ့ဆုံအမှာစကား ပြောကြားကာ ၂၁လက်မ ရောင်စုံရုပ်မြင်သံကြားစက်တစ်လုံး၊ အားကစားပစ္စည်းများ၊ ဗလာစာအုပ်၊ ခဲတံများ၊ စာကြည့်တိုက်အတွက် စာအုပ်မျိုးစုံနှင့် မဂ္ဂဇင်းများကို ပေးလှူသည်။

ယင်းနောက် ဗဟိုအလုပ်အမှုဆောင်သည် ချောင်းဦးမြို့ရှိ အေးရိပ်မွန်(၂) အမျိုးသမီးစောင့်ရှောက်ရေးဌာနသို့ သွားရောက်ပြီး အလှူငွေ၊ ဗလာစာအုပ်၊ ခဲတံများနှင့် အားကစားပစ္စည်းများကို ပေးလှူသည်။

ထိုမှတစ်ဆင့် မုံရွာစက်မှုဇုန် တွဲဖက်တာဝန်ခံ ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်သည် မုံရွာစက်မှုဇုန် အစည်းအဝေးခန်းမ၌ စက်မှုဇုန်ကြီးကြပ်ရေးကော်မတီဝင်များနှင့် စက်မှုဇုန် စီမံခန့်ခွဲရေးကော်မတီဝင်များ၊ စက်မှုဇုန်လုပ်ငန်းရှင်များအား တွေ့ဆုံမှာကြားသည်။

ယင်းနောက် ဗဟိုအလုပ်အမှုဆောင်ဝန်ကြီးသည် မုံရွာမြို့ စစ်ကိုင်းတိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းရုံး၌ စစ်ကိုင်းတိုင်းနှင့် စစ်ကိုင်း၊ မုံရွာ၊ကလေး၊ ကသာ၊ မော်လိုက်၊ တမူးခရိုင်များနှင့် မုံရွာခရိုင်အတွင်း ရှိမြို့နယ်မှ အသင်းအတွင်းရေးမှူးများ၊ အမှုဆောင်များအား တွေ့ဆုံမှာကြားသည်။

(သတင်းစဉ်)

ရန်ကုန်မိုးရေချိန်

(၁၁–၈–၂၀၀၄)

မင်္ဂလာဒုံ	**– ၁ ဒသမ ၉၆ လက်မ**
ရန်ကုန်မြို့လယ်	**– ၁ ဒသမ ၇၇ လက်မ**
ကမ္ဘာအေး	**– ၁ ဒသမ ၇၇ လက်မ**

မြန်မာနိုင်ငံ လက်ဝှေ့အဖွဲ့ချုပ်ဥက္ကဋ္ဌဖလား လက်ဝှေ့ပြိုင်ပွဲ ဗိုလ်လုပွဲနှင့်ဆုချီးမြှင့်ပွဲကျင်းပ

ရန်ကုန် ဩဂုတ် ၁၁

တတိယအကြိမ်မြောက် မြန်မာနိုင်ငံ လက်ဝှေ့အဖွဲ့ချုပ်ဥက္ကဋ္ဌဖလား လူသစ်တန်းနှင့် (ဂ)အဆင့် တံခွန်စိုက်လက်ဝှေ့ပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲ အခမ်းအနားကို ဩဂုတ်၃ရက် ညနေ ၆နာရီတွင် မန္တလေးမြို့ ဗထူးမိုးလုံလေလုံ အားကစားခန်းမ၌ ကျင်းပရာ မန္တလေးတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဒုတိယဗိုလ်မှူးကြီး ကြည်သိန်းနှင့် အဖွဲ့ဝင် တိုင်းအုပ်ချုပ်ရေးမှူး ဦးကျင်လင်းနှင့် အားကစားဝါသနာရှင်များတက်ရောက်ကြည့်ရှုအားပေးကြသည်။

ပြိုင်ပွဲတွင် အတန်းလိုက် ပထမ၊ ဒုတိယ၊ တတိယနှင့် အကောင်းဆုံးအားကစားသမားဆု ရရှိကြသူများအား ဆုတံဆိပ်နှင့် ငွေသားဆုများကို တာဝန်ရှိပုဂ္ဂိုလ်များက ချီးမြှင့်ကြပြီး လူသစ်တန်းလက်ဝှေ့ပြိုင်ပွဲတွင် တံခွန်စိုက် ဆုဖလားရရှိသော အရှေ့မြောက်တိုင်းစစ်ဌာနချုပ်အသင်းနှင့် (ဂ)အဆင့်ပြိုင်ပွဲတွင် တံခွန်စိုက်ဆုဖလားရရှိသော မန္တလေးအားကစားနှင့် ကာယပညာသိပ္ပံအသင်းတို့အား မြန်မာနိုင်ငံလက်ဝှေ့အဖွဲ့ချုပ်ဥက္ကဋ္ဌ ကိုယ်စား ဒုတိယဥက္ကဋ္ဌ၊ အားကစားနှင့် ကာယပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးသိန်းအောင်က တံခွန်စိုက် ဆုဖလားများ ပေးအပ်ချီးမြှင့်သည်။

(သတင်းစဉ်)

ဩဂုတ် ၁၁ရက်က ၂၀၀၄–၂၀၀၅ ပညာသင်နှစ် ကျောင်းကျန်းမာရေးသီတင်းပတ်လှုပ်ရှားမှုအရ ဗဟန်းမြို့နယ် အမှတ်(၃) အခြေခံပညာမူလတန်းလွန်ကျောင်းတွင် ကျောင်းကျန်းမာရေး ကော်မတီဝင်အထူးကုဆရာဝန်ကြီးက ကျောင်းသား၊ ကျောင်းသူများအား မျက်စိနှင့်အထွေထွေရောဂါများကို စမ်းသပ်စစ်ဆေးပေးရာ ကျောင်းအုပ်ဆရာကြီး ဦးကြည်ဝင်းမောင်နှင့် ဆရာ၊ ဆရာမများက ကြီးကြပ်ပေးစဉ်။ (က–ပ)

သဃ်န်းကျွန်း စံပြဆေးရုံကြီး ဆေးကုသဆောင်မှ လူနာများအသုံးပြုရန်အတွက် ကျပ်၁၀သိန်းတန် အီးစီဂျီစက်တစ်လုံးအား အလှူရှင်ဒေါ်ချွင်ရီမိသားစု ဗဟန်းမြို့နယ်နှင့် ဦးအောင်စိန်–ဒေါ်ဆွေဆွေမိသားစု လှိုင်မြို့နယ်တို့ကလည်းကောင်း၊ ကျပ်သုံးသိန်းတန် ချွဲစုပ်စက်တစ်လုံးကို ဦးစိန်–ဒေါ်ပုလေး သုခိတာဆေးပေါ့လိပ်မိသားစု မြင်းခြံတို့ကလည်းကောင်း ဩဂုတ် ၉ရက်က ဒေါက်တာအေးထွန်းမှတစ်ဆင့် ပေးအပ်လှူဒါန်းရာ ဆေးရုံအုပ်ကြီး ဒေါက်တာမောင်မောင်ကြီး လက်ခံယူစဉ်။ (က–ပ)

နိုင်ငံနှင့်အဝန်း ကိုယ့်အားကိုယ်ကိုးကျေးရွာသုံးလျှပ်စစ်ဓာတ်အားပေးစက်ရုံငယ်များပေါ်ပေါက် ညောင်လေးပင်မြို့နယ်ဘိုင်းဒါးကျေးရွာ တစ်နေ့ကီလိုဝပ်၅၀ထွက်ဓာတ်အားပေးစက်ရုံငယ်ဖွင့်လှစ် စပါးခွံကိုအသုံးပြုပြီး ရရှိလာသည့်သဘာဝဇီဝဓာတ်ငွေ့မှ စွမ်းအင်ထုတ်ယူ၍လျှပ်စစ်ထုတ်လုပ်နိုင်

ရန်ကုန် ဩဂုတ် ၁၁

ပဲခူးတိုင်း ပဲခူးမြို့တွင်ရောက်ရှိနေသော နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းသည် ဩဂုတ်၉ရက် နံနက်ပိုင်းတွင် ပဲခူးမြို့နယ် မယင်းကျေးရွာအုပ်စု၌ကျင်းပသော ပဲခူးတိုင်း ၂၀၀၄-၂၀၀၅ခုနှစ် မိုးစပါး ရေတော်မိုးတော် ထွန်တုံးပိတ်ပွဲနှင့် မျိုးစေ့ချကိရိယာဖြင့် တိုက်ရိုက်မျိုးစေ့ချစွမ်းရည်ပြိုင်ပွဲသို့ တက်ရောက်ပြီးနောက် ပဲခူးတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တောင်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကိုကို၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် ရထားပို့ဆောင်ရေးဝန်ကြီးဌာနဝန်ကြီးဗိုလ်ချုပ်အောင်မင်းနှင့် ဌာနဆိုင်ရာအကြီးအကဲများလိုက်ပါလျက် မော်တော်ယာဉ်များဖြင့် ဆက်လက်ထွက်ခွာလာရာ နံနက်၁၀နာရီ မိနစ်၂၀တွင် ပဲခူးခရိုင် ညောင်လေးပင်မြို့နယ် ဝဲဝန်းကျေးရွာအုပ်စု ဘိုင်းဒါးကျေးရွာသို့ ရောက်ရှိပြီး ကျေးရွာ စွန့်ပစ်ပစ္စည်းသုံး သဘာဝဓာတ်ငွေ့လျှပ်စစ်ဓာတ်အားပေးစက်ရုံ ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်အားပေးချီးမြှင့်ကြသည်။

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းနှင့်အဖွဲ့ဝင်များ ပဲခူးတိုင်း ညောင်လေးပင်မြို့နယ်ဝဲဝန်းကျေးရွာအုပ်စု ဘိုင်းဒါးကျေးရွာရှိ စွန့်ပစ်ပစ္စည်းသုံး သဘာဝဓာတ်ငွေ့ လျှပ်စစ်ဓာတ်အားပေးစက်ရုံဖွင့်ပွဲအပြီးတွင် စက်ရုံအတွင်း လှည့်လည်ကြည့်ရှုကြစဉ်။ (သတင်းစဉ်)

တက်ရောက်

ဖွင့်ပွဲအခမ်းအနားသို့ တိုင်း၊ ခရိုင်နှင့် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ကျေးရွာမီးလင်းရေးကော်မတီဝင်များ၊ ဘင်ခရာနှင့် ပန်းဖွား အကအဖွဲ့ဝင်များနှင့် ဒေသခံပြည်သူများ တက်ရောက်ကြသည်။

အမှာစကားပြောကြား

ရှေးဦးစွာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းက အမှာစကားပြောကြားရာတွင် ယခုအချိန်သည်နိုင်ငံတော်အနေဖြင့် ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီးအဖြစ်တည်ဆောက်နေသည့် အချိန်ဖြစ်ကြောင်း၊ နိုင်ငံတစ်နိုင်ငံ တိုးတက်ရေးတွင် လျှပ်စစ်ဓာတ်အားသည် မရှိမဖြစ်လိုအပ်လျက်ရှိကြောင်း၊ စက်မှုလုပ်ငန်းများ တိုးတက်ရေးနှင့် ပြည်သူများ လူနေမှုအဆင့်အတန်းမြင့်မားစွာ နေထိုင်နိုင်ရေးအတွက် လျှပ်စစ်ဓာတ်အားသည် အဓိကလိုအပ်ချက်လည်းဖြစ်ကြောင်း၊ ထို့ကြောင့် နိုင်ငံတော်က ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်ဖြစ်ပေါ်ရေးကို ကြိုးပမ်းနေသည့် အချိန်တွင် လျှပ်စစ်ဓာတ်အားများ တိုးတက်ထုတ်လုပ်နိုင်ရေးကိုလည်း အလေးထားပြီး စီမံချက်ချမှတ်ဆောင်ရွက်ပေးလျက်ရှိသည်ကို အားလုံးအသိပင်ဖြစ်ကြောင်း။

တိုးတက်ခံစားရမည်

နိုင်ငံတော်ကဆောင်ရွက်ဆဲ လျှပ်စစ်ရရှိရေးစီမံကိန်းကြီး၁၁ခုရှိသည့်အနက် မဂ္ဂါဝပ်၂၈၀ရရှိမည့် ပေါင်းလောင်းရေအားလျှပ်စီမံကိန်း၊ ၇၅မဂ္ဂါဝပ်ရရှိမည့် မုန်းရေအားလျှပ်စစ်စီမံကိန်းနှင့်မဂ္ဂါဝပ်၁၂၀ရရှိမည့် တီကျစ်စီမံကိန်းတို့ ပြီးစီးတော့မည်ဖြစ်၍ မကြာမီတွင် ဓာတ်အားများ ပေးနိုင်တော့မည်ဖြစ်ကြောင်း၊ ကျန်သည့် စီမံကိန်းများမှ လျှပ်စစ်ဓာတ်အားများကိုလည်းတစ်နှစ်ပြီးတစ်နှစ် တိုးတက်ခံစားရတော့မည်ဖြစ်ကြောင်း။

ပဲခူးတိုင်းအတွင်း ကြည့်မည်ဆိုလျှင်လည်း မဂ္ဂါဝပ်၂၀ရရှိနေသည့် ဇောင်းတူရေအားလျှပ်စစ်စက်ရုံကို ဖွင့်လှစ်ပေးခဲ့ပြီး လျှပ်စစ်ဓာတ်အားများကိုလည်း ထုတ်လုပ်ပေးနေပြီ ဖြစ်သည့်အပြင် ဆောင်ရွက်နေဆဲဖြစ်သည့် ၇၅မဂ္ဂါဝပ်ရရှိမည့် ရွှေကျင်ရေအား လျှပ်စစ်စီမံကိန်း၊ မဂ္ဂါဝပ်ဖ၀ရရှိမည့် ကွန်းချောင်း ရေအားလျှပ်စစ်စီမံကိန်း၊ ၃၂မဂ္ဂါဝပ်ရရှိမည့် ဖြူးချောင်း ရေအားလျှပ်စစ် စီမံကိန်း၊ မဂ္ဂါဝပ်၃၀ရရှိမည့် ခပေါင်းရေအားလျှပ်စစ်စီမံကိန်းနှင့် ၂၅မဂ္ဂါဝပ်ရရှိမည့် ရဲနွယ်ရေအားလျှပ်စစ် စီမံကိန်းတို့ကိုလည်း တည်ဆောက်လျက်ရှိကြောင်း၊ ဆက်လက်ပြီး မဂ္ဂါဝပ် ၁၆၀ ရရှိနိုင်မည့် ဘောဂထရေအားလျှပ်စစ်စီမံကိန်းနှင့် မဂ္ဂါဝပ် ၁၅၀ရရှိနိုင်မည့် သောက်ရေခပ် ရေအားလျှပ်စစ် စီမံကိန်းများကိုလည်း တည်ဆောက်ပေးရန် လျာထားကြောင်း။

အငယ်စား

နိုင်ငံတော်က ရေအားလျှပ်စစ် စီမံကိန်းကြီးများ တည်ဆောက်ပေးနေသည့်နည်းတူ ကျေးရွာများတွင်လည်း ကိုယ့်အားကိုယ်ကိုး အငယ်စားရေအားလျှပ်စစ် စက်ရုံများ၊ စပါးခွံ လောင်စာသုံး၊ ကျေးရွာစွန့်ပစ်ပစ္စည်းသုံး သဘာဝဇီဝဓာတ်ငွေ့ လျှပ်စစ်ဓာတ်အားပေးစက်ရုံငယ်များ တည်ဆောက်အသုံးပြုရေးကိုလည်း အားပေးကူညီနေသည့်အတွက် နိုင်ငံနှင့်အဝန်း ကိုယ့်အားကိုယ်ကိုး ကျေးရွာသုံး လျှပ်စစ်ဓာတ်အားပေးစက်ရုံငယ်များ ပေါ်ပေါက်သုံးစွဲလျက်ရှိသည်ကို တွေ့ရှိနေရပြီဖြစ်ကြောင်း။

ယနေ့ဖွင့်လှစ်သည့် ပဲခူးတိုင်း ညောင်လေးပင်မြို့နယ် ဘိုင်းဒါးကျေးရွာက တစ်နေ့လျှင်ကီလိုဝပ် ၅၀ ထွက်သည့် ကျေးရွာစွန့်ပစ် ပစ္စည်းသုံး သဘာဝဇီဝဓာတ်ငွေ့လျှပ်စစ်ဓာတ်အားပေး စက်ရုံငယ်သည်လည်း တစ်ခုအပါအဝင် ဖြစ်ကြောင်း။

ယင်း လျှပ်စစ်ဓာတ်အားပေး စက်ရုံပေါ်ပေါက်ဖြစ်ထွန်းရေးအတွက်ပြည်သူများနှင့် ညောင်လေးပင်မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းတို့ပူးပေါင်းပြီး ဆောင်ရွက်နိုင်ခဲ့သည့်အတွက် ဒေသနေ ပြည်သူများ အကျိုးခံစားရပြီး လူနေမှုအဆင့်အတန်းလည်း ပိုမိုမြင့်မားလာတော့မည်ဖြစ်ကြောင်း။

ဖြစ်ပေါ်လာသည့် အကျိုးဆက်များကို ရေရှည်တည်တံ့ခိုင်မြဲပြီး တိုးတက်သည်ထက် တိုးတက်အောင်နှင့် အခြားကျေးရွာများတွင်လည်း ပြန့်ပွားတိုးပွားနိုင်ရေး တာဝန်ရှိသူများအနေဖြင့် ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားကြရန် တိုက်တွန်းနှိုးဆော်ရင်း နိဂုံးချုပ်အပ်ပါကြောင်းဖြင့် ပြောကြားသည်။

ဆက်လက်၍ ပဲခူးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တောင်ပိုင်းတိုင်း စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်ကိုကိုက အမှာစကား ပြောကြားသည်။

ပေးအပ်

ထို့နောက် ပဲခူးတိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းက ကျေးရွာစွန့်ပစ်ပစ္စည်းသုံး သဘာဝဇီဝဓာတ်ငွေ့ ဓာတ်အားပေးစက်ရုံအတွက် လှူဒါန်းသည့် ငွေကျပ် ၁၀ သိန်းကို ပဲခူးတိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးစောမော်ထွန်းကပေးအပ်ရာ ကျေးရွာမီးလင်းရေးကော်မတီဝင် ဦးအောင်ကျော်ဌေးက လက်ခံရယူသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းနှင့် အဖွဲ့ဝင်များ၊ ဧည့်သည်တော်များသည် ဖွင့်ပွဲအခမ်းအနားပြုလုပ်မည့် ဆိုင်းဘုတ်ရှေ့၌ နေရာယူကြပြီး ညောင်လေးပင်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးရဲနိုင်နှင့် ကျေးရွာလျှပ်စစ်မီးလင်းရေး ကော်မတီဥက္ကဋ္ဌ ဦးတင်စိုးတို့က စက်ရုံကို ဖဲကြိုးဖြတ်၍ဖွင့်လှစ်ပေးကြသည်။

ဆက်လက်၍ တိုင်းမှူး ဗိုလ်ချုပ်ကိုကိုကစက်ရုံဆိုင်းဘုတ်ကိုစက်ခလုတ်နှိပ်၍ဖွင့်လှစ်ပေးပြီး ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းကစက်ရုံ၏ ဓာတ်အားပေးခလုတ်ကိုနှိပ်၍ ဘိုင်းဒါးကျေးရွာသို့ လျှပ်စစ်မီး စတင်ဖြန့်ဖြူးပေးပြီး ဖွင့်ပွဲအခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အဆိုပါလျှပ်စစ်ဓာတ်အားပေးစက်ရုံကို စွန့်ပစ်စပါးခွံလောင်စာသုံးစွဲပြီး ပြည်သူများ တန်ဖိုးချိုသာစွာဖြင့် လျှပ်စစ်ဓာတ်အားသုံးစွဲနိုင်ရန်ရည်ရွယ်၍ စုစုပေါင်း ရင်းနှီးမြှုပ်နှံမှုငွေကျပ်၁၀၅သိန်းဖြင့် ၂၀၀၄ ခုနှစ် မေ ၁၈ရက်တွင် တည်ဆောက်ခဲ့ခြင်းဖြစ်သည်။

စက်ရုံမှမြင်းကောင်ရေ၁၀၀ အင်ဂျင်ဖြင့် ကီလိုဝပ် ၅၀ လျှပ်စစ်မီးထွက်ရှိမည်ဖြစ်ပြီး ဘိုင်းဒါးကျေးရွာမှ ကျေးလက်နေ ပြည်သူအိမ်ထောင်စု၃၂ဖစုတို့အတွက် လေးပေမီးချောင်း အချောင်း၁၂၅၀ဖြင့် ကျေးလက်မီးလင်းရေး ဆောင်ရွက်ပေးနိုင်မည်ဖြစ်ကြောင်း သိရသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းနှင့် အဖွဲ့ဝင်များသည် မွန်းလွဲပိုင်းတွင် ဖြူးမြို့နယ် ကညွတ်ကွင်းမြို့ အခြေခံပညာအလယ်တန်းကျောင်းသို့ရောက်ရှိကြပြီး အဆိုပါ အခြေခံပညာ အလယ်တန်းကျောင်း၏ နှစ်ထပ်ကျောင်းဆောင်သစ်နှင့် ကမ္ဘည်းမော်ကွန်းကျောက်စာဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်အားပေးချီးမြှင့်ကြသည်။

အဆိုပါ အခမ်းအနားသို့ တိုင်း၊ ခရိုင်နှင့် မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၊ လူမှုရေးအသင်းအဖွဲ့များ၊ နှစ်ထပ်ကျောင်းဆောင် ဆောက်လုပ်ရေးနာယကများ၊ ကျောင်းအကျိုးတော်ဆောင်အဖွဲ့ဝင်များ၊ မိဘဆရာ အသင်းဝင်များ၊ အလှူရှင်များ၊ မြို့မိမြို့ဖများ၊ ကျောင်းအုပ်ကြီးနှင့် ဆရာ၊ ဆရာမများ၊ ဘင်ခရာအဖွဲ့နှင့် ပန်းဖွားအကအဖွဲ့ဝင်များ၊ ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ကြသည်။

အစီအစဉ်အရ နှစ်ထပ်ကျောင်းဆောင်သစ်နှင့် ကမ္ဘည်းမော်ကွန်းကျောက်စာဖွင့်ပွဲ အခမ်းအနားကို ကျောင်းရှေ့ဥပစာ၌ကျင်းပရာ ရှေးဦးစွာ ထူးချွန်ထက်မြက်ကျောင်းသား၊ ကျောင်းသူများက မြန်မာ့ပညာရေးမျှော်မှန်းချက်ကမ္ဘည်းကျောက်စာတိုင်နှင့် ပညာရေးဆောင်ပုဒ်တို့ကို ရွတ်ဆို၍ ဖွင့်လှစ်ပေးကြသည်။

ဖဲကြိုးဖြတ်ဖွင့်လှစ်

ထို့နောက် ပဲခူးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တိုင်းမှူး ဗိုလ်ချုပ်ကိုကိုနှင့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် ဝန်ကြီး ဗိုလ်ချုပ်အောင်မင်းတို့က နှစ်ထပ်ကျောင်းဆောင်သစ်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ဆက်လက်၍ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းက နှစ်ထပ်ကျောင်းဆောင်သစ် ကမ္ဘည်းမော်ကွန်းကျောက်စာကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးပြီး နံ့သာရည်များ ပက်ဖျန်းပေးသည်။

လှူဒါန်း

ထို့နောက် အလှူရှင်များဖြစ်ကြသော ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် ဝန်ကြီး ဗိုလ်ချုပ်အောင်မင်းက ငွေကျပ်သိန်း၃၀ကို ပေးအပ်လှူဒါန်းရာ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းက လည်းကောင်း၊ပဲခူးမြို့မှ ဗိုလ်ကြီးမြင့်လွင် (အငြိမ်းစား)က ငွေကျပ်၁၅သိန်းတန်ဖိုးရှိ စာသင်ခုံ အစုံ၉၀နှင့်ကညွတ်ကွင်းမြို့မှ ဒေါ်စန်းကြည်က ကျောင်းတည်ဆောက်ရန်အတွက် မြေလေးဧကတို့ကို ပေးအပ်လှူဒါန်းကြရာ တိုင်းမှူး ဗိုလ်ချုပ်ကိုကိုကလည်းကောင်း လက်ခံကြပြီး အလှူရှင်များအား ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ကြသည်။

ဆက်လက်၍ ကျောင်းအုပ်ကြီး ဒေါ်ခင်မော်က ကျေးဇူးတင်စကား ပြောကြားသည်။

အမှာစကား

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းက အမှာစကားပြောကြားသည်။

အဆိုပါ ကျောင်းဆောင်သစ်မှာ နိုင်ငံတော်က ငွေကျပ်သိန်း၁၆၀၊ ကညွတ်ကွင်း ဒေသခံပြည်သူများ၏ လှူဒါန်းငွေကျပ်သိန်း၃၀၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းက ငွေကျပ်သိန်း၃၀ စုစုပေါင်း ငွေကျပ်သိန်း၂၂၀ဖြင့် တည်ဆောက်ခြင်းဖြစ်ပြီး အလျားပေ၁၄၀၊ အနံပေ၃၀ရှိ အုတ်ညှပ်နှစ်ထပ် ကျောင်းဆောင်ဖြစ်ကြောင်း သိရှိရသည်။

ကြည့်ရှုစစ်ဆေး

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းသည် ကညွတ်ကွင်းမြို့မှ ဆက်လက်ထွက်ခွာလာပြီး ဖြူးမြို့နယ်၊ ညောင်လေးပင်မြို့နယ်၊ ကျောက်တံခါးမြို့နယ်၊ ဒိုက်ဦးမြို့နယ်နှင့် ပဲခူးမြို့နယ်တို့အတွင်းရှိ ရန်ကုန်-မန္တလေး ကားလမ်းဘေး ဝဲ/ယာတစ်လျှောက် ဒေသခံပြည်သူများ စိုက်ပျိုးထားသည့် အောင်မြင် ဖြစ်ထွန်းနေသော မိုးစပါးစိုက်ခင်းများကို မော်တော်ယာဉ်ဖြင့် ကြည့်ရှုစစ်ဆေးပြီး ညနေပိုင်းတွင် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိသည်။

(သတင်းစဉ်)

ရန်ကင်းမြို့နယ်၊(၂)ရပ်ကွက်၊ ရန်အောင် လမ်းသွယ် (၁) နေ ဦးခင်မောင်သိန်း–ဒေါ်စန်းစန်းဝင်း မိသားစုတို့က ဖခင် ကျောင်းအုပ်ကြီး ဦးသောင်း(ရမ်းဗြဲ)အား ရည်စူး၍ သုံးထပ်ဘိုးဘွား ဆေးရုံသစ်ကြီး တည်ဆောက်ရန်အတွက် ငွေကျပ် တစ်သိန်းကို နှင်းဆီကုန်း ဘိုးဘွား ရိပ်သာ အုပ်ချုပ်ရေးအဖွဲ့ဝင် ဦးချစ်မြိုင်သို့ ဩဂုတ် ၈ရက်က ပေးအပ်လှူဒါန်းစဉ်။ (က–ပ)

ကွယ်လွန်သူ ဦးကျော်အား ရည်စူး၍ အမှတ် ၇၅၈(ခ) ကေတုမတီလမ်း (၆)ရပ်ကွက်၊ တောင်ဥက္ကလာပနေ ဇနီး ဒေါ်ရိန်၊ တူဦးမြင့်စိုး–ဒေါ်ရိမ်၊ မြေး ဦးစိုးပိုင်–ဒေါ်ယဉ်ယဉ်စိုး မိသားစုက ဇီဝိတဒါန သံဃာ့ဆေးရုံကြီးသို့ ဒေါ်ရိန်၏ (၇၅) နှစ်ပြည့် မွေးနေ့အလှူအဖြစ် ထာဝရ ဆေးပဒေသာပင် အလှူငွေကျပ် ၁၁၈၀၀၀ ကို ဩဂုတ် ၅ ရက်က လှူဒါန်းရာ ဆေးရုံ အုပ်ချုပ်ရေးမှူး ဦးသန်းရွှေ လက်ခံယူစဉ်။ (က–ပ)

ဆဲဗင်းဒေး နယူးစ်ဂျာနယ် အတွဲ(၃)၊ အမှတ်(၂၁)ဖြန့်ချိ

ရန်ကုန် ဩဂုတ် ၁၁

ပါရမီခုံးကျော်အပြီး နာနတ်တောခုံးကျော်လာဦးမည်၊ မြန်မာ့ ပထမ ရေဆိုးသန့်စင် စက်ရုံ စက်တင်ဘာလတွင် စတင် လည်ပတ်မည်၊ရှစ်မြို့နယ်မှရေဆိုးများကို စတင်သန့်စင်မည်၊ ပြည်ပပို့ ပရိဘောဂထုတ်လုပ်သည့် စက်ရုံများအား မြန်မာ့သစ်လုပ်ငန်းက အကြွေးစနစ်ဖြင့် သစ်လုံးများရောင်းချ စသည့် ပြည်တွင်းရေးရာ သတင်းဝေဝေဆာဆာဖြင့် ယနေ့ထွက်ရှိလာသည်။ ဗြိတိန်စာပို့သမားမင်းသမီး၏ ချက်လက်မှတ်ကို ခိုးယူ၊ နန်းတွင်းတင်းကျပ်သောထုံးစံအတွင်း ဂျပန်အိမ်ရှေ့မင်းသမီး စိတ်ပင်ပန်းမှုဝေဒနာခံစားနေ၊ဒီဗီဒီကူးနိုင်သည့်ဆော့ဖ်ဝဲထုတ်ကုမ္ပဏီ အပိတ်ခံလိုက်ရ၊ ပါရာဂွေးကုန်တိုက် မီးလောင်ရာ လူ ၃၀၀ ကျော် ဖိတ်စဉ်၊ပိုင်ရှင်က ထွက်ပေါက်များအားလုံး ပိတ်ပစ်ခဲ့စသည့် ဆောင်းပါးစုံလင်စွာဖြင့် e-Empire Media House ဖုန်း–၇၀၃၈၁၃က မြန်မာတစ်ပြည်လုံးသို့ ဖြန့်ချိလိုက်ပြီဖြစ်သည်။ (က–ပ)

ဒုဋ္ဌဝတီနှင့် သံလွင်မြစ်ရေ စိုးရိမ်ရေမှတ်ကျော်

ရန်ကုန် ဩဂုတ် ၁၁

ဒုဋ္ဌဝတီမြစ်ရေသည်မြစ်ငယ်မြို့တွင် စိုးရိမ်ရေမှတ်အထက်တွင် ၁၇စင်တီမီတာ (ပေဝက်ခန့်) ရှိနေသည်။ အဆိုပါမြစ်ရေသည် ယနေ့မွန်းတည့်မှနောက် သုံးရက် အတွင်း လက်ရှိရေမှတ်၏ အထက်သို့ ပေဝက်ခန့်တက်လာနိုင်သည်။

သံလွင်မြစ်ရေသည် ဘားအံမြို့တွင် စိုးရိမ်ရေမှတ်အထက်တွင် ၅၂စင်တီမီတာ (နှစ်ပေ) ခန့် ရှိနေသည်။ အဆိုပါမြစ်ရေသည် ယနေ့မွန်းတည့်မှ နောက် ငါးရက်အတွင်း စိုးရိမ်ရေမှတ် အထက်တွင် ဆက်လက်ရှိနိုင်သည်။

ကျောင်း ကျန်းမာရေး ရက်သတ္တပတ် အစီအစဉ်အရ ပုဇွန်တောင်မြို့နယ် အမက(၇) တွင်ဩဂုတ် ၁၁ရက်က မိဘဆရာအသင်း ဒုတိယ ဥက္ကဋ္ဌ ဦးတင်ဝင်း – ဒေါ်ဖြူဖြူဝင်း၊ သားသီဟတင်ဝင်း မိသားစုက ကလေးများအား နွားနို့ဆန်ပြုတ် အာဟာရကျွေးမွေးစဉ်။ (၂၃)

လားရှိုး–မူဆယ် ခရီးစဉ်အတွက်

ကားကြီး–ကားသေး ငှားလိုသည်။

ကားပိုင်ရှင်များဆက်သွယ်ပါ။

MAP TOUR

အမှတ်(၆၈)၊ ဗိုလ်ရွဲလမ်း၊ လသာမြို့နယ်၊ ရန်ကုန်၊ Ph–၂၄၆၄၃၁။

ဝါဆိုသင်္ကန်းကပ်လှူပွဲ ဖိတ်ကြားခြင်း

ဗဟန်းမြို့နယ်၊ ဇီဝိတဒါန သံဃာ့ဆေးရုံကြီးတွင် ၁၄–၈–၂၀၀၄ရက် (စနေနေ့) နံနက် ၉နာရီ၌ မိတ်ဆွေသူငယ်ချင်းများစုပေါင်း၍ ငွေလှူဒါန်းပွဲနှင့် ဝါဆိုသင်္ကန်းကပ်လှူပွဲကျင်းပမည်ဖြစ်ပါ၍ ဖိတ်စာမရသေးသူများ ဆက်သွယ်တက်ရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။

ဦးမျိုးသန့်၊ ဦးမြတ်ငြိမ်း၊ ဖုန်း–၅၁၅၀၅၁။

The VOICE သတင်းဂျာနယ်

ရောင်းမည်

၁။ စွန့်ပစ်ချည် (ချည်လေ၊ချည်လွင့်)

၂။ စံချိန်လို၊ စံချိန်ညံ့အထည်ပိတ်စအမျိုးမျိုး

– အဖြူထည်ပိတ်စများ

– ရောင်စုံဆေးဆိုးပိတ်စများ

– ရောင်စုံပန်းရိုက်ပိတ်စများ

ဆက်သွယ်ရန်–Ph–၂၅၁၂၇,၃၇၇၂၆၉။

Diploma in IT

Diploma in Information Technology

CHRD (UDEY)

SUCCESS LANGUAGE ACADEMY

SPOKEN ENGLISH	1:00 - 3:00 p.m. 14.8.04 Sat + Sun
	1:00 - 2:30 p.m. 16.8.04 Mon to Thu
	3:30 - 5:00 p.m. 16.8.04 Mon to Thu

202046

A Z A D A (VCD)

VCD

DVD,VCD

Ruby 725317, 680823

(24 hours)

DIGITAL CLASSIC

LASER PHOTO LAB & LASER STUDIO

Digital Camera NORITSU QSS 3201 LASER DIGITAL

12'' × 36'' (JUMBO PANORAMA SIZE)

PHOTO RAINY SEASON Within 3-Months

My Calendar

My Calendar

CD-R-Writing

No.236, Yadanar Street, (Between Yuzana & Dagon Centre) Myaynigone, Sanchaung Tsp, Yangon. Tel:722042

MCC

◆ Desktop Publishing Course

Budget Training Program

◆ English Foundation Course

(Social & Business English)

(Student's book, work book)

ငှက်ဖျားရောဂါကာကွယ်ရေး အသိပေးဆွေးနွေး

မုံရွာ ဩဂုတ် ၂

ပဉ္စမအကြိမ် အမျိုးသားအဆင့် ငှက်ဖျားရောဂါ ကာကွယ်နှိမ်နင်းရေး ရက်သတ္တပတ်လှုပ်ရှားမှု အသိပေးဆွေးနွေးပွဲ အခမ်းအနားကို ဇူလိုင် ၂၀ ရက် နံနက် ၉ နာရီတွင် မုံရွာမြို့ ပြည်သူ့ဆေးရုံ စိတ်/မူးယစ် အထူးကုခန်းမဆောင်၌ ကျင်းပသည်။

အခမ်းအနားတွင် စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဒုတိယဗိုလ်မှူးကြီးမျိုးမြင့်က အမှာစကားပြောကြားပြီး စစ်ကိုင်းတိုင်း ကျန်းမာရေး ဦးစီးဌာန ဒု-တိုင်းကျန်းမာရေးမှူး ဒေါက်တာဒေါ်ရီရီမြင့်က ငှက်ဖျားရောဂါအကြောင်း ရှင်းလင်းဆွေးနွေးသည်။ ထို့နောက်စစ်ကိုင်းတိုင်း ငှက်ဖျားဆရာဝန်ကြီး ဒေါက်တာမောင်မောင်သိန်းက ငှက်ဖျားရောဂါဖြစ်ပွားမှု၊ ကာကွယ်ရေးနှင့် ကုသရေးလုပ်ငန်းများ ရှင်းလင်းပြီး အစည်းအဝေး တက်ရောက်လာသူများ၏ အကြံပြုဆွေးနွေးချက်များကို ပြန်လည်ဖြေကြားသည်။ **(ခရိုင်ပြန်/ဆက်)**

မိုးနဲမြို့နယ် ၂၀၀၄ ခုနှစ် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါး အလွဲသုံးမှုနှင့် တရားမဝင် ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် နံရံကပ်စာစောင်၊ ဓာတ်ပုံပြပွဲနှင့် ဟောပြောပွဲ အခမ်းအနားကို ဇူလိုင် ၂၆ ရက်က မိုးနဲမြို့ အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပရာ နယ်မြေခံတပ်မှ ဒုတိယဗိုလ်မှူးကြီး ထွန်းထွန်းဦးက ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးစဉ်။
(မြို့နယ်ပြန်/ဆက်)

မကွေးတိုင်း ငါးမျိုးစိုက်ထည့်ပွဲ ကျင်းပ

မကွေး ဩဂုတ် ၃

မကွေးတိုင်း မကွေးခရိုင် ငါးလုပ်ငန်းဦးစီးဌာန၏ ဧရာဝတီမြစ်အတွင်း ငါးမျိုးစိုက်ထည့်ပွဲ အခမ်းအနားကို ဇူလိုင် ၂၅ ရက် နံနက်ပိုင်းက မကွေးမြို့ ဧရာဝတီမြစ်ကမ်း၌ ကျင်းပရာ မကွေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးကြီးဇော်မင်းနှင့် အဖွဲ့ဝင်များ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၊ ဌာနဆိုင်ရာများ၊ အသင်းအဖွဲ့မှ ပုဂ္ဂိုလ်များ တက်ရောက်ကြသည်။

ငါးသားပေါက် သိန်း၁၇၀

အဆိုပါ ငါးမျိုးစိုက်ထည့်ပွဲတွင် ငါးမြစ်ချင်းသားပေါက် သိန်း၁၇၀ ကို စိုက်ထည့်ပေးခဲ့ကြောင်း သိရသည်။ **(၂၄၀)**

ကျောက်တံခါးမြို့နယ် ငါးဖယ်အင်းကျေးရွာ ရောင်ခြည် ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်ဖွင့်ပွဲကို ဇူလိုင်၅ ရက်နံနက်က အဆိုပါ စာကြည့်တိုက်၌ ကျင်းပရာ မြို့နယ်ရဲတပ်ဖွဲ့မှူး ဦးသန်းလွင်၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်မြင့်မြင့်စိန်၊ ပြန်/ဆက် ဦးစီးမှူး ဒေါ်လှလှဦး၊ ကျေးရွာရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင် ဦးစီတုန်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးစဉ်။
(မြို့နယ်စည်ပင်)

တိုင်းရင်းဆေး အထူးကုသမားတော်များ ဇီဝိတဒါန ဆေးဝါးကုသ

တောင်ငူ ဩဂုတ် ၇

ပဲခူးတိုင်း တိုင်းရင်းဆေးပညာ ဦးစီးဌာန တိုင်းဦးစီးဌာနမှူး ဦးအောင်အောင်၊ တောင်ငူခရိုင် တိုင်းရင်းဆေးမှူး ဦးမြင့်သောင်း၊ ရေတာရှည်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးကျော်သန်းတို့ ဦးဆောင်သည့် တိုင်းရင်းဆေးအထူးကုသမားတော်အဖွဲ့သည် ဇူလိုင် ၃၀ ရက်က တောင်ငူခရိုင် ရေတာရှည်မြို့နယ် ရွှေကစောင်းကျေးရွာအုပ်စု ခင်တန်းလေးကျေးရွာတွင် ကျန်းမာရေးပညာပေး ဟောပြောခြင်း၊ ကျေးလက်ပြည်သူ ၁၅၀ ဦးတို့အား ရောဂါအလိုက် ဇီဝိတဒါန ဆေးဝါးကုသပေးခဲ့ကြသည်။

အလားတူတောင်ငူမြို့နယ် ပဲချက်ကုန်း ကျေးရွာအုပ်စု၌လည်း ကျန်းမာရေး ပညာပေး ဟောပြောခြင်းနှင့် ကျေးလက်ပြည်သူ ၂၁၂ ဦးတို့အား ဇီဝိတဒါန ဆေးဝါးများ ကုသပေးခဲ့ကြပြီး ငွေကျပ် ၂၅၀၀၀ တန်ဖိုးရှိ တိုင်းရင်းဆေးဝါးများကို ကျေးရွာဥက္ကဋ္ဌထံ လှူဒါန်းခဲ့ကြသည်။ **(၄၇၂)**

ပန်းအလှပင်များပြုပြင်

တာချီလိတ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ မြို့တွင်းလမ်းလယ်ကျွန်းခုံများ သာယာလှပရေးအတွက် ပန်းအလှပင်များပြုပြင်ခြင်းလုပ်ငန်းကို ဥယျာဉ်မှူး ဦးဆောင်၍ ပျိုးဥယျာဉ်ဝန်ထမ်းများဖြင့် ဇူလိုင် ၃၁ ရက်က ဆောင်ရွက်ကြစဉ်။
(မြို့နယ်စည်ပင်)

စစ်ကိုင်းတိုင်း ကလေးမြို့တွင် လမ်းဘေးရေမြောင်းများ ရေစီးရေလာကောင်းမွန်ရေးအတွက် ရေနုတ်မြောင်းတူးဖော်ခြင်း၊ ရေမြောင်းများအတွင်းရှိ အမှိုက်သရိုက်များ ရှင်းလင်းသယ်ယူရေးလုပ်ငန်းများကို ကလေးမြို့နယ် စည်ပင်သာယာရေးအဖွဲ့က အပတ်စဉ် ဆောင်ရွက်လျက်ရှိရာ အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးတင်ကို ဦးဆောင်ကြီးကြပ်၍ အဖွဲ့ပိုင်ယာဉ်များ၊ အဖွဲ့ဝန်ထမ်းများဖြင့် ဗိုလ်ချုပ်လမ်းဘေး ရေမြောင်းများ အမှိုက်သရိုက်သန့်ရှင်းရေးကို ဇူလိုင်၃၀ ရက်က ဆောင်ရွက်စဉ်။
(၄၅၇)

သဲကုန်းမြို့နယ်တွင် သစ်ပင်စိုက်ပျိုးပွဲ ကျင်းပ

ပဲခူး ဩဂုတ် ၃

၂၀၀၄ ခုနှစ် သစ်ပင်စိုက်ပွဲကို ဇူလိုင် ၂၃ ရက် နံနက် ၇ နာရီတွင် ပဲခူးတိုင်း (အနောက်ပိုင်း တိုင်းခွဲ) သဲကုန်းမြို့ ရုံးပင်တက်လမ်း၌ ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးသန်းဝင်းနှင့် အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၊ ကြက်ခြေနီ၊ မီးသတ်၊ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဝင်များ၊ စစ်မှုထမ်းဟောင်းနှင့် ဌာနဆိုင်ရာဝန်ထမ်းများ၊ ပြည်သူများ စုစုပေါင်းအင်အား ၅၀၀ ကျော် တက်ရောက်ကြပြီး ကျွန်း၊ ပျဉ်းကတိုး၊ သစ်ဆိမ့်၊ တမာနှင့် ရေတမာ သစ်ပင် ၁၂၀၀ ကျော်ကို စိုက်ပျိုးခဲ့ကြသည်။ **(က-ပ)**

ပညာသင်စရိတ် ထောက်ပံ့

တပ်ကုန်း ဩဂုတ် ၅

၂၀၀၄-၂၀၀၅ ခု ပညာသင်နှစ် ပညာသင်စရိတ် ထောက်ပံ့ပစ္စည်းပေးအပ်ပွဲနှင့် ပညာပေးဟောပြောပွဲ အခမ်းအနားကို ဇူလိုင် ၂၀ ရက် နံနက် ၁၀နာရီက တပ်ကုန်းမြို့နယ် ရွာသစ်ကျေးရွာ မူလတန်းလွန်ကျောင်းတွင် ကျင်းပသည်။

အခမ်းအနားတွင် တပ်ကုန်းမြို့ "ရဲ"နို့ဆီ လုပ်ငန်းပိုင်ရှင် ဦးရဲဝင်းနှင့် ဇနီး ရွာသစ်အမက ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်မာဆွေတို့က ပညာရည် ထူးချွန်သူ ကျောင်းသူ၊ ကျောင်းသားများအား ဝတ်စုံလှူဒါန်းကြောင်း သိရသည်။ **(၉၂)**

ယာဉ်အန္တရာယ်ကင်းရှင်းရေး ဆောင်ရွက်

ပြင်ဦးလွင် ဩဂုတ် ၈

တောင်စခန်းမြို့ဖြစ်သော ပြင်ဦးလွင်မြို့တွင် ပြည်တွင်း ခရီးသွားပြည်သူများ၊ ကမ္ဘာလှည့်ခရီးသွားဧည့်သည်များ ယာဉ်အန္တရာယ် ကင်းရှင်းစွာဖြင့် သွားလာမှု လွယ်ကူချောမောစေရေးအတွက် အနေးယာဉ်များ လမ်းစည်းကမ်း၊ ယာဉ်စည်းကမ်းနှင့်အညီ မောင်းနှင်ပြေးဆွဲစေရေးအတွက် ပညာပေး စစ်ဆေးမှုများကို ဇူလိုင် ၃၁ ရက် နံနက် ၉ နာရီခွဲက ပြင်ဦးလွင်မြို့ မန္တလေး-လားရှိုးလမ်းနှင့် ဘူတာလမ်းဆုံလမ်း၌ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများက ဆောင်ရွက်ခဲ့ရာ အမှုဆောင်အရာရှိ ဦးအောင်မြင့်ဆွေက ကြပ်မတ်ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **(ခရိုင်ပြန်/ဆက်)**

သက္ကလစံပြကျေးရွာ တရားပွဲကျင်းပမည်

ကဝ ဩဂုတ် ၉

ပဲခူးတိုင်း ကဝမြို့ သက္ကလစံပြကျေးရွာ ဥတ္တရာရုံကျောင်းတိုက် ဦးစီးပဓာနနာယက၊ မဟာစည် နာယကဆရာတော် ဘဒ္ဒန္တစန္ဒိမာ (မဟာဓမ္မာစရိယ)က နိဗ္ဗာန်ရောက်ကြောင်း တရားတော်ကို ဩဂုတ် ၁ ရက် (ဒုတိယဝါဆိုလပြည့်ကျော်၁ရက်)မှ အောက်တိုဘာ၂၈ရက် (သီတင်းကျွတ်လပြည့်)နေ့အထိ ဝါတွင်းသုံးလပတ်လုံး ဟောကြားမည်ဖြစ်ပါ၍ ရိပ်သာဝင်လိုသူများ စာရင်းသွင်းနိုင်ကြောင်း သိရသည်။ **(က-ပ)**

ကြေးမုံ မြို့နယ်သတင်းများ

ညောင်လေးပင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့က ကျေးလက်ရေပေးရေးနှင့် လမ်းတံတားများအား စီမံချက်ချမှတ်ဆောင်ရွက်လျက်ရှိရာ ဇူလိုင် ၂၈ ရက်က ပိန်းဇလုပ်ရွာမ-ကညင်ကျိုး ကျေးလက်လမ်းပေါ်ရှိ အုန်းနဲ့သာ သစ်သားတံတား တည်ဆောက်ခြင်းလုပ်ငန်းကို အမှုဆောင်အရာရှိ လက်ထောက်ညွှန်ကြားရေးမှူး ဦးမင်းလွင်စိုးနှင့် တာဝန်ခံ အင်ဂျင်နီယာ ဦးမြင့်လှိုင်တို့ ကွင်းဆင်းကြီးကြပ်ဆောင်ရွက်ကြစဉ်။ (၁၂၆)

ဖဲကြိုးဖြတ် ဖွင့်လှစ်

ရွှေပြည်သာမြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနနှင့် ဇီးကုန်းစံပြကျေးရွာ အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီတို့ ပူးပေါင်း၍ စာရိတ္တအင်အား ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်ကို ဩဂုတ် ၈ ရက်တွင် ဖွင့်လှစ်ရာ မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးကျီးညို၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးမှူး ဒေါ်ခင်မြအေးနှင့် ဇီးကုန်းကျေးရွာဥက္ကဋ္ဌ ဦးအောင်ကျော်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးစဉ်။ (မြို့နယ်ပြန်/ဆက်)

ဆင်းရွှေလီ ကောက်စိုက်ပွဲ ကျင်းပ

မူဆယ် ဩဂုတ် ၇

မူဆယ်မြို့နယ် ဖိုင်ကျောင်းကျေးရွာ ၂၀၀၄-၂၀၀၅ ခုနှစ် မိုးစပါး အထူးအထွက်တိုး ဆင်းရွှေလီမျိုးစေ့ထုတ် စိုက်ကွင်းဧက ၃၀ မှ ၁၅ ဧကတွင် ကောက်စိုက်ပွဲတော်ကို ဇူလိုင်၂၇ရက်က အဆိုပါကျေးရွာ၌ ကျင်းပရာ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးစိုးဝင်း တက်ရောက်၍ အမှာစကား ပြောကြားသည်။

အဆိုပါ အခမ်းအနားသို့ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ကြီးအောင်အောင်လွင်နှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ဇုန်ခေါင်းဆောင်များ၊ စိုက်ကြပ်အဖွဲ့ဝင်များ၊ ခရိုင်နှင့်မြို့နယ် အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ ကြက်ခြေနီ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ဒေသခံတောင်သူများ စုစုပေါင်းအင်အား ၃၀၀ ခန့် တက်ရောက်ခဲ့ကြပြီး တပျော်တပါး ပါဝင်ကောက်စိုက်ခဲ့ကြကြောင်း သိရသည်။ **(ခရိုင်ပြန်/ဆက်)**

မွေးနေ့ဆုတောင်း

ချစ်ခင်ပွန်း ဗိုလ်ကြီးအောင်ဇင်သန်း၏ မွေးနေ့မှသည် နောင်နှစ်တစ်ရာတိုင် မိဘ၊ ညီအစ်ကိုမောင်နှမများ၊ ချစ်ဇနီး၊ ချစ်သား၊ သမီးများနှင့် အတူ ပျော်ရွှင်ချမ်းမြေ့စွာနေနိုင်ပါစေဟု ဆန္ဒပြုဆုမွန်တောင်းလျက်–

ချစ်ဇနီး–စန္ဒာဖြူ၊ သားသား–မျိုးမြတ်။

ဈေးပြိုင်စနစ်ဖြင့် လေလံခေါ်ယူခြင်း

၁။ မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း (ရုံးချုပ်)၏ ရေနံနှင့်ရေနံဓာတုဗေဒ ပစ္စည်းများ သယ်ယူ ပို့ဆောင်ရေးဌာနပိုင် အသုံးမပြုနိုင်တော့သည့် ဆင်ပြောင်(၂)၊ ဆင်ပြောင်(၆)၊ ဇင်ယော်၊ ရိုးမ၊ သံပုရာကန် ရေယာဉ် (၅)စီးနှင့်တွဲ နှစ်တွဲတို့အား မျက်မြင် အခြေအနေအတိုင်း ဈေးပြိုင်စနစ်ဖြင့် လေလံတင်ရောင်းချမည် ဖြစ်ပါသည်။

၂။ (က) **လေလံစည်းကမ်းပုံစံ ရောင်းချမည့်ရက်** – ၁၇–၈–၂၀၀၄ မှ ၁၈–၈–၂၀၀၄ထိ

(ခ) **ရောင်းချမည့်နေရာ** – အထွေထွေစီမံခန့်ခွဲရေးဌာန မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း အမှတ် (၂၃)၊ မင်းရဲကျော်စွာလမ်း လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့။

(ဂ)**လေလံပုံစံတစ်စောင်ဈေးနှုန်း** – ၁၀၀၀၀ိ/–(ကျပ်တစ်သောင်းတိတိ)

၃။ သိလိုသည့်အချက်အလက်များကို မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်းရုံးချုပ် အထွေထွေစီမံခန့်ခွဲရေးဌာနသို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

လေလံရောင်းချရေးကော်မတီ
မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း
ဖုန်း–၂၂၁၀၂၈၊ ၂၉၂၂၆၅၊၂၂၁၀၄၁။

ဖခင်အမည်မှန်

မော်လမြိုင်မြို့ အထက(၆) ဒသမတန်း (D)မှ မောင်ဗိုလ်ဗိုလ်ထွန်း၏ ဖခင်အမည်မှန်မှာ ဦးဌေးဦး ဖြစ်ပါကြောင်း။ **ဦးဌေးဦး**
[၁၀/မလမ(နိုင်)၀၄၉၀၆၅]

အမည်ပြောင်းခြင်း

ဦးတင်ဝင်း၏သား မောင်ရဲအောင်ကိုအား မောင်အောင်ကိုမင်းဟု အမည်ပြောင်းလဲခေါ်ပါရန်။

မောင်အောင်ကိုမင်း။



မွေးနေ့မင်္ဂလာဆုတောင်း

၁၂–၈–၂၀၀၄တွင် ကျရောက်သော ချစ်ခင်ပွန်း နေမျိုးဝင်း၏ မွေးနေ့မှ နှစ် ၁၂၀ တိုင် ထူးချွန်ထက်မြက်သော လုပ်ငန်းရှင် တစ်ဦးအဖြစ် စိတ်ချမ်းသာ ကိုယ်ကျန်းမာစွာ ဆောင်ရွက်နိုင်ပါစေ။

ချစ်ဇနီး

သူဇာဦး (LL.B) View Point Res:

သင်တန်းသားလျှောက်လွှာခေါ်ယူခြင်း

ရန်ကုန်တက္ကသိုလ် လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးမှုဌာန အစီအစဉ်ဖြင့် ဗိုလ်တထောင်မြို့နယ်၊ ဗိုလ်တထောင်ဘုရားလမ်းရှိ ရာစုသစ်အရင်းအမြစ်ဖွံ့ဖြိုးမှုဌာန(New Century Resource Centre) ၌ အောက်ပါအစီအစဉ်အတိုင်း သင်တန်းများဖွင့်လှစ်ပါမည်–

၁။ သင်တန်းအမည် – (၁) Power Windows သင်တန်း
(၂) Computerized Accounting သင်တန်း

၂။ သင်တန်းကာလ – (၂) လ

၃။ သင်တန်းဝင်ခွင့်အနိမ့်ဆုံး ပညာအရည်အချင်း – အခြေခံပညာအထက်တန်း(က)အဆင့်/ တက္ကသိုလ်ဝင်တန်းအောင်မြင်ပြီးသူများ

၄။ သင်တန်းစတင်မည့်ရက် – ၂၅–၈–၂၀၀၄

၅။ သင်တန်းသားစတင်လက်ခံမည့်ရက် – ၁၁–၈–၂၀၀၄

၆။ လျှောက်လွှာပိတ်မည့်ရက် – ၂၃–၈–၂၀၀၄

၇။ ဆက်သွယ်ရမည့်လိပ်စာ – ရန်ကုန်တက္ကသိုလ်၊ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးမှုဌာန။

အသေးစိတ်အချက်အလက်များကို သိလိုပါက ရုံးချိန်အတွင်း မော်ကွန်းထိန်းအဆင့်(၁)၊ ကျောင်းသားရေးရာဌာနသို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။
(ဖုန်း–၅၃၄၃၉၀)ဦးရာလူစနစ်ဖြင့်လက်ခံပါမည်။

လက်ထပ်ပြီးစီးခြင်းနှင့်ကျေးဇူးတင်လွှာ

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ အမှတ်(၁၅၀/B)ဗားဂရာလမ်းနေ
ဦးတင်စိုး–ဒေါ်ဝင်းစပါယ်တို့၏သားကြီး
မောင်ရန်နိုင်ဦး(2nd Year, Zoology)
(Microcomputer Technologies, Montgomery College, MD, USA)
နှင့်
ကချင်ပြည်နယ်၊ နမ္မားမြို့၊ ရှမ်းစုရပ်နေ
ဦးမောင်ကို–ဒေါ်မြကြီးတို့၏သမီးထွေး
မယဉ်ယဉ်ထွေး(ခ)ထွေးထွေး(Final Year, Zoology)

တို့သည် နှစ်ဖက်သောမိဘများ၏ သဘောတူညီမှုဖြင့် ၈–၇–၂၀၀၄နေ့ မလေးရှားနိုင်ငံဆိုင်ရာ ပြည်ထောင်စုမြန်မာနိုင်ငံ သံအမတ်ကြီး ဦးလှမောင်၏ ရှေ့မှောက်တွင် မင်္ဂလာမော်ကွန်းတင်လက်မှတ်ရေးထိုးပြီးစီးပါကြောင်းနှင့် ကျွန်တော်၊ ကျွန်မတို့၏ ၁၁–၇–၂၀၀၄နေ့ မလေးရှားနိုင်ငံ၊ ကွာလာလမ်ပူမြို့ Restaurant Paradise Palace ၌ ကျင်းပပြုလုပ်သော မင်္ဂလာညှော်ခံပွဲသို့ ကြွရောက်၍ မင်္ဂလာလက်စွပ်ဆင်မြန်းပေးပါသော ပြည်ထောင်စုမြန်မာနိုင်ငံသံအမတ်ကြီး ဦးလှမောင်နှင့်ဇနီး၊ ထိမ်းမြားမင်္ဂလာလက်ထပ်ပေးသော သံမှူးကြီးဦးခင်မောင်လင်းနှင့်ဇနီး၊ မင်္ဂလာအခမ်းအနား ဖြစ်မြောက်ရေးအတွက် အဘက်ဘက်မှ ဝိုင်းဝန်းကူညီပံ့ပိုးပေးကြသော ပြည်ထောင်စုမြန်မာနိုင်ငံသံရုံးမှ အတွင်းဝန်ဦးဇော်ထွန်းဦးနှင့် မြန်မာသံရုံးဝန်ထမ်းမိသားစုများ၊ မလေးရှားနိုင်ငံရောက်မြန်မာမိတ်ဆွေ သူငယ်ချင်းများအား လှိုက်လှဲစွာကျေးဇူးတင်ရှိပါကြောင်း။

နှစ်ဖက်သောမိဘများနှင့်
မောင်ရန်နိုင်ဦး–မယဉ်ယဉ်ထွေး။

National နေရှင်နယ်လျှပ်စစ်ပစ္စည်းများ



မီးအားမြှင့်စက်များ

1KVA
2KVA
3KVA
5KVA
10KVA
15KVA

YANDAYAR TRADING CO.
၁၀(ခ)၊ တက္ကသိုလ်ရိပ်သာလမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်။
(ကမ္ဘာအေးဘုရားလမ်း၊ ကုက္ကိုင်းမီးပွိုင့်မှဝင်ပါ)
Ph - 502313, 247701
မီးအားမြှင့်စက်အမျိုးမျိုး ရရှိနိုင်ပါသည်။

လိပ်ခေါင်း၊ဂရင်ဂျီနာ စအိုနာ၊ အကျိတ်ဖြစ်သူများ

(ဤကြော်ငြာကို ဖတ်ဖြစ်အောင်ဖတ်ပါ) ဖုန်း –၂၄၈၀၆၄

သမားတော်ကြီး ဝိဇ္ဇာ၊ လိပ်ခေါင်း၊ဂရင်ဂျီနာ အထူးကု

စအိုနှင့်စအိုပတ်ဝန်းကျင်တွင် ဖြစ်သောအောက်ပါရောဂါများ အမြန်စမ်းသပ်ခံယူပါ။ ရောဂါရင့်က **(စအိုပိတ်၍ စအိုကင်ဆာဖြစ်မည်၊ စအိုပိတ်ကာအသက်အန္တရာယ်ရှိသည်။)** လိပ်ခေါင်းအတွင်းအပြင်ထွက် စအိုနာ၊ ဝမ်းသွားခက်၊ စအိုဝတစ်ဆို့၊ ပူစပ်၊ စအိုကျွံပြီး အပြင်ရှုထွက်၊ ဝမ်းသွားမရ၊ စအိုဝအသားပိုထွက်၊ စအိုဝ အဖုအသီး၊ ဂရင်ဂျီနာ၊ သွေးပြည်ထွက်၊ စအိုကျဉ်း၊ စအိုပိတ်(**မခွဲမဖြတ်၊မနာ၊ မပူမစပ်**)ကုသပေးမည်။ အဖုအကျိတ်တွေ့က အမြန်စမ်းသပ်ခံယူပါ။ ရောဂါရင့်က အသက်အန္တရာယ်ရှိသည်။ ဝါရင့်ဆရာမ ရှိသည်။ အကျိတ်မျိုးစုံ (**မခွဲမဖြတ်ကုသပေးမည်။**)

ပင်မဝိဇ္ဇာ –အမှတ် ၂၇၃၊ ရွှေဘုံသာ အလယ်လမ်း၊ နေဗာ ဆေးခန်းအပေါ်ထပ်၊ ရန်ကုန် (တနေ့ကုန်ဖွင့်သည်။)
ပင်မဝိဇ္ဇာ –အမှတ်၃၃၈၊ ရွှေဘုံသာ အထက်လမ်း၊ အောင်ပိုင်သာ နှင့်ကပ်လျက်၊ မာ လင်မျက်မှန်ဆိုင် ရန်ကုန်

ညီကိုရွှေမြန်မာ
EXPRESS Ph: 393268

Aircon:
Express Seat
ကားများနှင့်
ပို့ဆောင်ပါသည်။
Ph: 376435, 248968, 723686, 241001 to 7

လူထုသံတံခါး

အမှတ်(၁၄)၊ ၁၆၇လမ်း၊
တာမွေ။
ဖုန်း–၅၄၁၇၂၂၊ ၅၉၀၉၂၂။

Golden Hope Int'l Ltd.

ရောင်းချရန်ကြော်ငြာစာ

တရားမကျင့်ထုံးဥပဒေအမိန့်–၂၁၊ နည်းဥပဒေ–၆၆
ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး
၂၀၀၄ခုနှစ်၊ တရားမဇာရီမှုအမှတ်–၁၉

မန်နေဂျာ	**နှင့်**	**ဦးမြင့်အောင်**
မြန်မာ့စီးပွားရေးဘဏ်		**ဒေါ်လှလှ**
(ဘဏ်ခွဲ–၅)		**အမှတ်–၁၀၉၊နေကြာလမ်းမကြီး၊ (၅၀)ရပ်ကွက်၊ဒဂုံမြို့သစ်(မြောက်ပိုင်း) မြို့နယ်၊ရန်ကုန်မြို့။**
(တရားနိုင်)		**(တရားရှုံးများ)**

ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး၊တရားမကြီးမှုအမှတ်–၁၈၂/၀၁ အမှုတွင် အနိုင်ဒီကရီကို အတည်ပြုဆောင်ရွက်ရန်အတွက် အောက်တွင်ဖော်ပြထားသော ပစ္စည်းကို ၂၀၀၄ ခုနှစ်၊ စက်တင်ဘာလ ၁၄ ရက်နေ့ နံနက် ၁၀နာရီအချိန်တွင် ၎င်းပစ္စည်းတည်ရှိရာ အရပ်၌ လေလံတင်ရောင်းချလိမ့်မည်။ ကိုယ်တိုင်သော်လည်းကောင်း၊ တရားဝင်လွှဲအပ်သည့် ကိုယ်စားလှယ်ဖြင့်သော်လည်းကောင်း လေလံဆွဲဝယ်ယူနိုင်ကြောင်း ကြေညာလိုက်သည်။

လေလံတင်ရောင်းချမည့်စည်းကမ်းချက်များ

၁။ ပစ္စည်းစာရင်းတွင် ဖော်ပြထားသော အချက်အလက်များမှာ တရားနိုင်က တရားရုံးသို့ တင်ပြချက်အရ သိရသမျှဖြစ်သည်။ မှားယွင်းခြင်း၊ ကြွင်းကျန်ခြင်း တစ်ခုခုပေါ်ပေါက်ပါက တရားရုံးက တာဝန်ယူမည် မဟုတ်ပါ။

